The Essence

mgyoe.com

# ဘယ်သူပြဋ္ဌာန်းတဲ့ ဥပဒေမှ မဟုတ်

ဥပဒေတွေ သေဆုံးလို့
အစိုးရကျိုးပျက်သွားရခြင်းမှ
အမေရိကန်ကို ကယ်တင်ရေး
သင်ခန်းစာများ။



ကောင်းသာ
မြန်မာပြန်

mgyoe.com

mgyoe.com

အစိုးရကျွမ်းကျင်မှု ကင်းမဲ့ခြင်းတွေက အသစ်အဆန်းတွေ မဟုတ်ကြဘူး။ ပြီးခဲ့တဲ့ ၁၀ စုနှစ် အနည်းငယ်အတွင်းမှာ တစ်စုံတစ်ရာတော့ ဖြစ်ပျက်သွားခဲ့တယ်။ အစိုးရက အမေရိကန်တွေကို မကျွမ်းကျင်အောင် လုပ်နေတာပါ။

အမေရိကန်ကတော့ လုပ်ငန်းလုပ်ရတာလွယ်ကူမှုနဲ့ အစိုးရရဲ့ထိရောက်မှုတွေမှာ အဆင့်အတန်းအနိမ့်ဆုံး တစ်ဒါဇင်ကျော်ကျော်နိုင်ငံတွေရဲ့စာရင်းထဲ ပါနေရပါပြီ။ ပြုပြင်ပြောင်းလဲမှုတွေက မကြာခဏ လုပ်နည်းလုပ်ထုံးအသစ်တွေ စာမျက်နှာရာနဲ့ချီပြီး အဆက်မပြတ် ကြိုးစားနေကြလေရဲ့။ ဒါပေမဲ့ ပြဿနာတွေ ပိုဆိုးဝါးလာတာတွေပဲ သူတို့တွေ့လာရတယ်။

ဆုံးဖြတ်ချက်တစ်ခု ချပိုင်ခွင့်ရှိတဲ့ အရာရှိရယ်လို့ တစ်ယောက်မှမရှိဘူး။ ဥပဒေတွေက များပြားနေတာပဲရှိပြီး လက်တွေ့ကျ မှန်ကန်တာက ရှားတယ်။

ဘာမှများများမလုပ်ဖြစ်ကြတာကတော့ အလုပ်ဖြစ်မယ့်အလုပ်တွေ လွတ်လွတ်လပ်လပ် လုပ်ခွင့်မရကြလို့ပါပဲ။

အခြားတိုင်းပြည်တွေမှာတော့ ဥပဒေစာအုပ်ထူထူကြီးတွေနေရာမှာ ပန်းတိုင်နဲ့ စည်းမျဉ်းအရေအတွက် ဒါဇင်အနည်းငယ်၊ လွတ်မြောက်သူမြို့သားတွေနဲ့ လုပ်နည်းလုပ်ထုံးသမားတွေက သူတို့ရဲ့စီရင်ဆုံးဖြတ်ချက်နဲ့ ပိုကောင်းတဲ့ ပြည်သူ့ရေးရာ ပန်းတိုင်တွေကို ကြိုးနီစနစ်ကြောင့် သွက်ချာပါဒအဖြစ်မခံဘဲ သုံးစွဲကြတယ်။

အမေရိကန်က အန္တရာယ်များတဲ့နေရာပါ။ သင်လိုချင်ချင် မလိုချင်ချင် ကြီးမားတဲ့ပြောင်းလဲချက်တွေက ဖြစ်လာပါလိမ့်မယ်။ ဘာ့ကြောင့်ဆို လက်ရှိတည်ဆောက်ပုံက တောင့်မခံနိုင်လို့ပါပဲ။ တစ်ခုလုံး ပြန်ပြင်ဖို့ လှုံ့ဆော်ချက်က နိုင်ငံရေးသဟာဇာတဖြစ်မှုရဲ့ "လျှို့ဝှက်ဆန်းကြယ် အခိုက်အတန့်"ကြောင့် မဟုတ်ဘဲ အကျပ်အတည်းတစ်ခုသာ ဖြစ်လို့ပါပဲ။ ဒါပေမဲ့ အပြောင်းအလဲက ဘာဖြစ်သင့်ပါသလဲ။ ဒီမေးခွန်းကို ဒီစာအုပ်က ဖြေသွားမှာပါ။

**THE RULE of NOBODY**

**Philip K. Howard**

KGT0077

2,000.00 KS

mgyoe.com



| | | |
|---|---|---|
| မျက်နှာဖုံးသရုပ်ဖော် | · | တော်တီဆွေ |
| ထုတ်ဝေသူ | · | ဒေါ်အိဝတ်ရည်ထွန်း၊ |
| | · | ဂျူတီစာပေ(၀၂၀၇၇)၊ |
| | · | အမှတ်(၄၉၉)၊ ဖ-လွှာ(က)၊ |
| | · | ဓမ္မာရုံလမ်း၊(၁၀)ရပ်ကွက်၊ |
| | · | လှိုင်မြို့နယ်။ |
| ပုံနှိပ်သူ | · | ဦးစန်းဦး၊ SKCC Press (၀၀၄၁၃) |
| | · | ၆၇၊ ၁၆၄ လမ်း၊ တာမွေ။ |
| စာအုပ်ချုပ် | · | ဦးမြင့်၊ ညိဝင်းမြင့် |

ကောင်းသာ
ဘယ်သူပြဋ္ဌာန်းတဲ့ ဥပဒေမှ မဟုတ် /–ရန်ကုန်။
ဂျူတီစာပေ၊ ၂၀၁၉။
စာမျက်နှာ ၁၆၄+ မျက်နှာ၊
၁၃ စင်တီ× ၁၉ စင်တီ
(၁) ဘယ်သူပြဋ္ဌာန်းတဲ့ ဥပဒေမှ မဟုတ်


mgyoe.com

mgyoe.com

# မာတိကာ


◘ အမှာစာ က

◘ **အပိုင်း(၁) ဘယ်သူ့ရဲ့ဥပဒေမှ မဟုတ်ပါ** ၁

၁။ ဘယ်သူ့ရဲ့ဥပဒေမှ မဟုတ်ပါ ၂

၂။ ဥပဒေရဲ့အုပ်စိုးမှုကို ပြန်စဉ်းစားကြည့်ခြင်း ၂၀

၃။ ပုဂ္ဂိုလ်ရေးတာဝန်ယူမှုနဲ့ လုပ်ထုံးပြုခြင်း ၃၇

၄။ ကျကျနန နားလည်ပြီးတဲ့ ဥပဒေရဲ့ဘောင်ခတ်မှုအလုပ် ၅၀

၅။ ဗျူရိုကရက်တစ်ရဲ့ အမှားအမှန်ခွဲခြားနိုင်စွမ်းမရှိမှု အဆုံးသတ်ခြင်း ၆၀

၆။ အမေရိကန်ဥပဒေထဲ လူ့ရွေးချယ်မှုရဲ့သမိုင်းကြောင်း ၈၀

၇။ သီအိုရီများနဲ့မဟုတ်ဘဲ တကယ့်လူများနဲ့ အုပ်ချုပ်တဲ့ အစိုးရမျိုး ၉၃

◘ **အပိုင်း(၂) ဒီမိုကရေစီရဲ့ လူသားထိန်းချုပ်မှုကို ပြန်လည်စုစည်းယူခြင်း** ၁၀၃

၈။ ခေါင်းဆောင်တွေမရှိတဲ့ ဒီမိုကရေစီ ၁၀၄


mgyoe.com

mgyoe.com

၉။ ပြည်သူ့ခေါင်းဆောင်မှုအတွက် ပဋိညာဉ် ၁၂၃

၁၀။ အရပ်သားများက ကြီးကြပ်ကွပ်ကဲတဲ့အစိုးရ ၁၄၂

□ နောက်ဆက်တွဲ "တာဝန်ယူမှုများရဲ့သဘောတူစာချုပ်"
ဖွဲ့စည်းပုံဥပဒေပြင်ဆင်ချက် အဆိုပြုလွှာ ၁၅၉

-- ◆ --

mgyoe.com

mgyoe.com



## အမှာစာ

၂၀၁၁ ခု၊ ဖေဖော်ဝါရီလအတွင်း ဆောင်းတွင်းမုန်တိုင်းတစ်ခု ကျရောက်ခဲ့လို့ ဖရန့်ကလင်မြို့နယ်၊ နယူးဂျာစီမှာ ရေလျှံပြီး စမ်းချောင်းတစ်ခုထဲ သစ်ပင်တစ်ပင် လဲပြိုနေခဲ့တယ်။ မြို့က အဲဒီသစ်ပင်ကို ဆွဲထုတ်ရှင်းလင်းဖို့ ဝန်ချီစက်တစ်ခု ပို့လိုက်တယ်။ ထိုစဉ် မြို့ရဲ့ရှေ့နေတစ်ယောက်က ကူညီဖို့လာကြည့်တဲ့အခါ 'စမ်းချောင်းက C-1 အတန်းအစားဖြစ်နေ၊ ဥပဒေတစ်ခုနဲ့ ဆိုင်နေလို့ အတည်ပြုချက် ယူရဦးမယ်လို့ ဆိုပါတယ်။ ဆက်ပြီး ရေလျှံနေစဉ် မြို့နယ်အရာရှိတွေဟာ စမ်းချောင်းသစ်ပင်ဆွဲထုတ်ဖို့ကိစ္စ လုပ်ခွင့်ရအောင် ၁၂ ရက်ကြာစောင့်ဆိုင်းရပြီး ဒေါ်လာ ၁၂,၀၀၀ ကုန်ကျသွားရပါတယ်။ ကိစ္စက စမ်းချောင်းထဲ လဲကျနေတဲ့သစ်ပင်ဆွဲထုတ်ရုံမို့ ကိစ္စရှင်းရှင်းလေး ဒါဖြစ်သင့်ပါရဲ့လား။

အစိုးရကျွမ်းကျင်မှု ကင်းမဲ့ခြင်းတွေက အသစ်အဆန်းတွေမဟုတ်ကြဘူး။ ပြီးခဲ့တဲ့ ၁၀ စုနှစ် အနည်းငယ်အတွင်းမှာ တစ်စုံတစ်ရာတော့ ဖြစ်ပျက်သွားခဲ့တယ်။ အစိုးရ

mgyoe.com

mgyoe.com



က အမေရိကန်တွေကို မကျွမ်းကျင်အောင် လုပ်နေတာပါ။ စမ်းချောင်းက သစ်ပင်ကိုဆွဲထုတ်ဖို့ကိစ္စက အခြားတိုင်းပြည်တွေမှာတော့ အခက်အခဲမရှိ လွယ်လွယ်လေးနဲ့ လုပ်နိုင်ကြပါတယ်။ စာသင်ကျောင်းတွေကလည်း အောင်မြင်တတ်ကြတယ်။ ကျန်းမာရေးဂရုစိုက်မှု စရိတ်စကလည်း ဒီအမေရိကန်ပြည်မှာထက် ထက်ဝက်ကျော်လေးပဲရှိကြတယ်။ အမေရိကန်ကတော့ လုပ်ငန်းလုပ်ရတာ လွယ်ကူမှုနဲ့ အစိုးရရဲ့ ထိရောက်မှုတွေမှာ အဆင့်အတန်းအနိမ့်ဆုံး တစ်ဒါဇင်ကျော်ကျော်နိုင်ငံတွေရဲ့စာရင်းထဲ ပါနေရပါပြီ။

ပြုပြင်ပြောင်းလဲမှုတွေက မကြာခဏ လုပ်နည်းလုပ်ထုံးအသစ်တွေ စာမျက်နှာရာနဲ့ချီပြီး အဆက်မပြတ် ကြိုးစားနေကြလေရဲ့။ ဒါပေမဲ့ ပြဿနာတွေ ပိုဆိုးဝါးလာတာတွေပဲ သူတို့တွေ့လာရတယ်။ နိုင်ငံရေးအရ ငြင်းခုံဆွေးနွေးပွဲတွေက နားထောင်ဖို့ရာ မထိုက်တန်လှတာမို့ နားထောင်သူ ပရိသတ်က ကျိုးနဲ့ဖုတ်ဖုတ်ပါပဲ။ သဘောတရားတွေ ပြောဟောကြရာမှာ လက်တွေ့မပါဘူးဖြစ်နေတယ်။ ကျွန်တော်တို့ရဲ့ ရွေးချယ်မှုကတော့ ဟာသဆရာ 'ဂျုံစတီးဝပ်' ပြောခဲ့တဲ့ "အစိုးရဆိုတာကတော့ လုံးဝအဝေးကို လွင့်သွားရပါပြီ။ ကျွန်တော်တို့က မကျွမ်းကျင်တဲ့ ဗျူရိုကရေစီရဲ့စနက်ကြောင့် ပြေးလွှားနေရပြီပေါ့" စကားကိုပဲ ရွေးရတော့တယ်။

အမေရိကန်အစိုးရထဲ ပျောက်ကွယ်နေတဲ့အခြေခံက ပိုအခြေခံ ကျတာရယ်လို့ မရှိသလောက်ပါပဲ။ ဆုံးဖြတ်ချက်တစ်ခု ချပိုင်ခွင့်ရှိတဲ့ အရာရှိရယ်လို့ တစ်ယောက်မှမရှိဘူး။ ဥပဒေတွေက များပြားနေတာပဲရှိပြီး လက်တွေ့ကျ မှန်ကန်

mgyoe.com

mgyoe.com



တာက ရှားတယ်။ ဦးနှောက်မပါတဲ့ ကျစ်လျစ်ကျပ်ခဲမှုတွေက မြေပေါ်မှာ ဆင်းသက်နေတာ၊ စာသင်ကျောင်းတွေက အိမ်ဖြူတော်အထိ ကျွန်တော်တို့နေအိမ်တွေအထိ ရောက်နေပါတယ်။ ဘာမှများများမလုပ်ဖြစ်ကြတာကတော့ အလုပ်ဖြစ်မယ့်အလုပ်တွေ လွတ်လွတ်လပ်လပ် လုပ်ခွင့်မရကြလို့ပါပဲ။

ဒါက တိုးတက်လာတဲ့ ရောဂါဘယတွေပါပဲ။ လေဟာနယ်ကို ဖြည့်ဆည်းဖို့ ဥပဒေတစ်ရပ် ဝင်လာစဉ် အစိုးရရဲ့ဘီးက နှစ်စဉ်နှစ်တိုင်း ပိုပိုပြီးနှေးကွေးလာတယ်။ ၂၀၀၉ ခုနှစ်က သမ္မတအိုဘားမားရဲ့ စီးပွားရေးနှိုးဆွမှု စီမံကိန်းတွေထဲမှာ ရာသီဥတုဒဏ်ခံ အိမ်ရာပေါင်း ၆၀၇,၀၀၀ ကို ဒေါ်လာ ၅ ဘီလီယံ အကုန်ခံဆောက်ဖို့ပါဝင်တယ်။ စီးပွားရေးကို အားပေးဖို့နဲ့ စွမ်းအင်ရေးရာ စွမ်းဆောင်ရည်တိုးတက်လာဖို့ ပန်းတိုင်တွေချထားတယ်။ ဒါပေမဲ့ စီမံချက်က... ဒေးဗစ်ဘေကွန်အက်ဥပဒေ (၁၉၃၁ ခုနှစ် သမ္မတဟူးဗား လက်မှတ်ရေးထိုးခဲ့တဲ့ အက်ဥပဒေ) နဲ့ အဆင့်အတန်းချင်း လိုက်လျောညီထွေရှိဖို့လိုနေတယ်။ ဒါက ဆောက်လုပ်ရေးပရောဂျက်တွေကို ဖက်ဒရယ်ထောက်ပံ့မှု ရန်ပုံငွေအနေနဲ့ အလုပ်သမားတွေကို 'လက်ရှိတည်ဆဲလစာ' မှာ သမဂ္ဂရဲ့ အပိုဘောက်ဆူးသဘောပါ ပေါင်းပေးရတဲ့အတွက် အမှန်ကုန်ကျသင့်တာထက် ၂၀% ကျော် ပိုပေးရပါတယ်။ 'ရာသီဥတုဒဏ်ခံရေး' ဆိုတာလည်း ပါလာတယ်။ အလုပ်သမားဝန်ကြီးဌာနနဲ့ဆိုင်တာပါ။ ကောင်တီခရိုင် နယ်ပေါင်းထောင်နဲ့ချီပြီးကုန်ကျတာတွေပါပဲ။ ကယ်လီဖိုးနီးယား ကောင်တီတစ်ခုတည်းအတွက် ရာသီဥတုဒဏ်ခံ အိမ်ရာပေါင်း ၂၅၀၀

mgyoe.com

mgyoe.com



ရှိကာ တစ်လတစ်ကြိမ် ပေးဆောင်ရတာဖြစ်တယ်။ ဒီလိုနဲ့ပဲ ဒေါ်လာ ၅ ဘီလီယံကုန်မယ့် အိမ်ရာစီမံချက် ၁၂ ဘီလီယံ ကုန်ကျသွားတယ်။ (ဥပဒေတွေ များလွန်းတာကြောင့် over-head တွေ တက်လာရခြင်းပါပဲ။)

ယနေ့ ဒီလိုမိုက်မဲမှုတွေဟာ ဥပဒေကြောင့်ဖြစ်ရတာပါပဲ။ အမေရိကန်အစိုးရကို ဥပဒေ အလွတ် ကျက်မှတ်သူတွေရဲ့ စကားလုံး သန်းပေါင်းများစွာနဲ့ ခုတ်မောင်းနေရတာ ဖြစ်တယ်။

ဒါတွေဟာ ကျွန်တော်တို့ ရွေးချယ်တင်မြှောက်တဲ့ ခေါင်းဆောင်တွေကြောင့်မဟုတ်ဘဲ အရာရှိကြီးတွေကြောင့် ဖြစ်တယ်။ အခြားတိုင်းပြည်တွေမှာတော့ ဥပဒေစာအုပ်ထူထူကြီးတွေနေရာမှာ ပန်းတိုင်နဲ့ စည်းမျဉ်းအရေအတွက် ဒါဇင်အနည်းငယ် လွတ်မြောက်သူ မြို့သားတွေနဲ့ လုပ်နည်းလုပ်ထုံးသမားတွေက သူတို့ရဲ့ စီရင်ဆုံးဖြတ်ချက်နဲ့ ပိုကောင်းတဲ့ ပြည်သူ့ရေးရာ ပန်းတိုင်တွေကို ကြိုးနီစနစ်ကြောင့် သွက်ချာပါဒအဖြစ်မခံဘဲ သုံးစွဲကြတယ်။

အမေရိကဟာ တစ်ဦးချင်းရဲ့ တာဝန်ယူမှုနဲ့ အရေးပါအားထားရမှု သူ့ရဲ့တန်ဖိုးတွေ ပြန်ရှာတွေ့ရင်း ပွေ့ဖက်ထားရမယ်။ ဒီကိစ္စမှာ အလိုအလျောက် အစိုးရဆိုတာ စိတ်ကူးယဉ်အိပ်မက်ကို စွန့်လွှတ်ထားဖို့လိုပြီး အရာရှိတွေကို တာဝန်တွေပေးလို့ လူအစစ် လက်တွေ့ရွေးချယ်မှုတွေ လုပ်နိုင်ခွင့်ရှိသူတွေ ဖြစ်လာစေရမယ်။

အမေရိကန်က အန္တရာယ်များတဲ့နေရာပါ။ သင်လိုချင်ချင် မလိုချင်ချင် ကြီးမားတဲ့ပြောင်းလဲချက်တွေက ဖြစ်လာ

mgyoe.com

mgyoe.com



ပါလိမ့်မယ်။ ဘာ့ကြောင့်ဆို လက်ရှိတည်ဆောက်ပုံက တောင့်မခံနိုင်လို့ပါပဲ။ တစ်ခုလုံး ပြန်ပြင်ဖို့ လှုံ့ဆော်ချက်က နိုင်ငံရေးသဘာဝတဖြစ်မှုရဲ့ 'လျှို့ဝှက်ဆန်းကြယ် အခိုက်အတန့်ကြောင့် မဟုတ်ဘဲ အကျပ်အတည်းတစ်ခုသာ ဖြစ်လို့ပါပဲ။ ဒါပေမဲ့ အပြောင်းအလဲက ဘာဖြစ်သင့်ပါသလဲ။ ဒီမေးခွန်းကို ဒီစာအုပ်က ဖြေသွားမှာပါ။

-- ◆ --

mgyoe.com

mgyoe.com



## စာအုပ်အဖုံးပေါ်မှ စာညွှန်းများ

"တကယ်လို့ ဒီစာအုပ်အတိုင်း လိုက်နာလုပ်နိုင်ခဲ့ရင် လုံးဝလိုက်နာရမယ့် သွေးဆောင်မှုကောင်းလှတဲ့ စာအုပ်ကောင်းတစ်အုပ် ဖြစ်တော့တယ်"
'ဖာရိဇာ ခါးရီးယား'

"ဒီစွမ်းအားကောင်းတဲ့စာအုပ်က ဝါရှင်တန်ဟာ ဘယ်လောက်ထိ ဥပဒေအရ သဲတွင်းပေါက်ထဲ နစ်ဝင်နေတယ်ဆိုတာကို ပြနေတယ်။ 'တာဝန်ခံ' လို့ ဆိုကြသူတွေရဲ့ စွမ်းအားတွေ ကျွံဝင်နစ်မြုပ်နေရတာ ဖြစ်တယ်။ ဗျူရိုက ရေစီလမ်းကြောင်းပေါ်မှာ ဒီဥပဒေတွေကို ခုတ်ထစ်သန့်စင် လျှော့ပစ်ပြီးပါမှ၊ ဖြတ်ထိုးဉာဏ်ကောင်းတဲ့ ပြည်သူတွေမှာ သူတို့လက်မောင်းတွေ ပင့်တင်ရင်း အမေရိကန်ကို အရင်လုပ်ခဲ့သလိုပဲ လုပ်သွားနိုင်ပါလိမ့်မယ်။ ယနေ့ ခေါင်းဆောင်မှုကတော့ လက်တွေ့အရ တရားမဝင်တော့ပါဘူး"
'အလန်ကေ၊ ဆင်ပစန်'

အမေရိကန်ဆီးနိတ်အမတ် ယိုနယ် (အငြိမ်းစား)

--◆--

mgyoe.com

mgyoe.com



## စာရေးသူရဲ့ အညွှန်း

သင်ထင်တာထက် ဝါရှင်တန်က ဘာတွေပိုနက်နက်ရှိုင်းရှိုင်း မှားယွင်းနေသလဲ

သေချာတာက ဒီနေရာမှာ သော့ခလောက်လည်း ကျပ်နေပြီ၊ အစွန်းတစ်ဖက်ထိလည်း ရောက်နေရပြီ၊ ကိုယ့်ဟာကိုယ် လိုသလိုလုပ်နေရပြီ။ အောက်ခြေမှာ ပုန်းကွယ်နေတာက တစ်စုံတစ်ရာ ပိုကြီးမားတဲ့ အဖျက်သဘောတွေပါပဲ။ ဒီကနေထွက်လာတာတွေက အသုံးအဖြုန်းကြီးတဲ့ အမှိုက်သရိုက်အစိုးရ၊ ကြွေးမြီတွေ လည်ပင်းခိုက်မှု၊ စာသင်ကျောင်းတွေ ကျဆင်းလာမှု၊ ကျန်းမာရေး ဂရုစိုက်မှုစရိတ်တွေ ကြီးလေးလာမှု၊ စီးပွားရေးဆိုင်ရာ ခက်ခဲကြမ်းတမ်းလာမှုတွေပဲ ဖြစ်ကြတယ်။

အမေရိကန်မှာ ဥပဒေတွေက ခေါင်းဆောင်မှုနေရာမှာ အစားထိုးဝင်ရောက်လာပြီ၊ ဗျူရိုကရေစီ လုပ်ထုံးလုပ်နည်းတွေ၊ ဟောင်းဆွေးနေတဲ့ ဥပဒေတွေက ကျွန်တော်တို့လက်တွေကို ချည်နှောင်တုပ်ထားပြီး ပေါ်လစီတွေ ရွေးချယ်နိုင်စွမ်း

mgyoe.com

mgyoe.com



တွေကိုလည်း အကျဉ်းချထားတယ်။ "ဒီနေရာမှာ မှန်တဲ့ကိစ္စတွေ ဘာလုပ်လို့ရသလဲ" လို့ ဘယ်သူမှမမေးကြဘူး။ ဒီအစားသူတို့က "ဥပဒေစာအုပ်တွေက ဘာတွေပြောထားသလဲ" လို့ မေးကြတယ်။

အမေရိကန်အစိုးရမှာ သေလုခမန်း အမှားအယွင်းစနစ်တစ်ခု ရှိနေရာမှာ အလွတ်မဖြစ်တဲ့ ကျပ်ခဲတဲ့ဥပဒေတွေတစ်လျှောက် မှန်ကန်မှုဒီဂရီတွေပဲ ကြိုးစားရှာနေရတယ်။ ပြည်သူတွေဟာ အသေးစိတ်ကျတဲ့ ဥပဒေရဲ့ ရှောင်လွှဲမရတဲ့ ရလဒ်တွေကြားထဲမှာ သွက်ချာပါဒ လိုက်နာရတယ်။ အမေရိကန်က အခုဆို သေတဲ့လူတွေက ဦးဆောင်နေသလို ဖြစ်နေရတယ်။ ဦးဆောင်နေတဲ့ နိုင်ငံရေးခေါင်းဆောင်တွေဟာ သုံးမရတဲ့ အမှိုက်သရိုက်တွေလား၊ မသက်ဆိုင်တဲ့ဟာတွေလား၊ ဦးစားပေးချက်အသစ်တွေလားဆိုတာ ဂရုမထားဘဲနဲ့ ပရိုဂရမ်တွေ ချိတ်ဆက် ပြဋ္ဌာန်းနေကြတဲ့ အတိတ်က လူတွေပဲ ဖြစ်နေလို့ဖြစ်တယ်။

အမေရိကန်ဟာ သူ့ရဲ့လုပ်ဆောင်ချက်စနစ်တွေ ရိုးရှင်းအောင်လုပ်ဖို့လိုပြီး လူတွေကို ရိုးရိုးအရပ်သားတွေလို လက်တွေ့လွတ်လပ်ခွင့် ပေးထားရမှာပါ။ ဥပဒေတွေက ကျွန်တော်တို့ရဲ့ ပန်းတိုင်တွေ အပြီး မဆိုက်ရောက်နိုင်ပါဘူး။ လူသားကသာ အရာကိစ္စတွေကို အပြီးလုပ်နိုင်ကြတာ ဖြစ်ပါတယ်။

The Rule of Nobody ထဲမှာ ဖိုးလစ်ကေဟောင်းဝပ်က စောဒကတက်ထားတာကတော့ ပြည်သူ့ရေးရာ ဥပဒေရှုမြင်ချက် ဆောင်ကားချပ်ထဲကို နေ့စဉ်ရွေးချယ်မှုတွေ နိမိတ်

mgyoe.com

mgyoe.com



မဖတ်ဘဲနဲ့ ပန်းတိုင်တွေ၊ ဘောင်တွေ ချမှတ်ရင်းနဲ့ ပြန်ဦး လှည့်လာဖို့ပါပဲ။ ဒီစာအုပ်က အမေရိကန် ဘယ်လိုလမ်းမှား ရောက်နေသလဲဆိုတာ ရှင်းပြပြီး လူသားတွေကို ဒီရာစုခေတ် ရဲ့ စိန်ခေါ်ချက်တွေက လွတ်မြောက်အောင် လမ်းညွှန်တစ် ရပ် ပေးအပ်ပါလိမ့်မယ်။

--◆--

mgyoe.com

mgyoe.com



## စာရေးသူရဲ့အကြောင်း

နယူးယော့ခ်တိုင်းစ် သတင်းစာရဲ့ ရောင်းအား အကောင်းဆုံးစာအုပ် "The Death of Common Sense" ရေးသားခဲ့သူဖြစ်တယ်။ "Common Good" အဖွဲ့ရဲ့ဥက္ကဋ္ဌ ဖြစ်တယ်။

နယူးယော့ခ်စီးတီးမှာ နေထိုင်တယ်။ သူနဲ့ပတ်သက်လို့ ပိုသိချင်ရင် "Philipkhoward.com" သို့ ကြည့်ပါ။

Philip K. Howard ရေးခဲ့သမျှ အခြားစာအုပ်များ

- Life Without Lawyers:
- Librating Americans from Too Much Law
- The Collapse of the Common Good.
- How America's Lawsuit Culture Undermines Our Freedom
- The Death of Common Sense.
- How Law Is Suffocating America

—◆—

mgyoe.com

mgyoe.com



ရည်ညွှန်းချက်

ဒီလုပ်ငန်းတာဝန်ကို အသိဆင်ခြင်ဉာဏ်၊ ယုံကြည်မှု၊ မျှော်လင့်ချက်တို့နဲ့အတူ မဆုတ်မနစ် ထောက်ပံ့ပေးနေကြတဲ့ ကျွန်တော့်သူငယ်ချင်း မိတ်ဆွေများအတွက်။

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အပိုင်း(၁)

## ဘယ်သူ့ရဲ့ ဥပဒေမှမဟုတ်ပါ

mgyoe.com

mgyoe.com

# (၁)
# ဘယ်သူ့ရဲ့ ဉပဒေမှမဟုတ်ပါ

'ဘေယွန့်တံတားကြီး' ဆိုတာ နယူးယော့ခ်ဆိပ်ကမ်းနဲ့ အရှေ့ဘက် ပင်လယ်ကမ်းရိုးတန်းရဲ့ အကြီးဆုံးဆိပ်ကမ်း 'နေဝပ်' ဆိပ်ကမ်းကို ဆက်သွယ်ထားတဲ့ တံတားဖြစ်တယ်။ ၁၉၃၁ ခုနှစ်က ဖွင့်လှစ်ခဲ့တာ ဖြစ်ပြီး ခုံးတံတားဘောင်တစ်ခုတည်းနဲ့ ဆောက်ထားတာမို့ ကမ္ဘာမှာ စတုတ္ထမြောက် အကြီးဆုံးခုံးတံတားဖြစ်တယ်။ ဗိသုကာ သမိုင်းဆရာတွေက ဒါကို ဂန္ထဝင်လက်ရာလို့ သဘောထားကြတယ်။ ဒီခုံးပေါင်းမိုးအတွင်းမှာ လေးလမ်းသွားကားလမ်းက ရေပြင်အထက် ပေ ၁၅၁ ပေ အမြင့်မှာ ရှိတယ်။ အဲဒီအမြင့်က စိန်ခေါ်ချက်ဖြစ်လာတော့တယ်။ မျိုးဆက်သစ်နောက်ဆုံးပေါ် ကွန်တိန်နာ ကုန်သင်္ဘောကြီးတွေက ပိုကျယ်ဝန်းတဲ့ ပနားမားတူးမြောင်းကို သုံးခြင်းဖြင့် အမြတ်ထုတ်ကြလို့ ဒီကုန်သင်္ဘောတွေကို ပါးနားမတ်ခေတ်လွန်သင်္ဘောတွေလို့ ဆိုစမှတ်ပြုကြတယ်။ ဒီတူးမြောင်းက ရေပြင်အထက် ပေအမြင့် ၂၁၅ ပေ ရှိတာကြောင့် လွတ်လွတ်ကင်းကင်း ဒီကုန်သင်္ဘောကြီးတွေ သွားလို့ရနေတာပေါ့။ 'နေဝပ်' တံတားကတော့ ပိုငယ်ရှယ်တဲ့ သင်္ဘောတွေအတွက်

mgyoe.com

mgyoe.com



အသုံးများနေဆဲပါပဲ။

အစိုးရအေဂျင်စီက ဒီပြဿနာကိုရှင်းဖို့ တာဝန်ယူလိုက်တယ်။ နယူးယော့ခ်နဲ့ နယူးဂျာစီပြည်နယ် ဆိပ်ကမ်းအာဏာပိုင်အဖွဲ့က သူ့အင်ဂျင်နီယာတွေကို အလုပ်ခွင်ကို စေလွှတ်လိုက်တယ်။ ၂၀၀၈ ခုနှစ်မှာ သူတို့ ဖြေရှင်းချက်နှစ်မျိုး တင်ပြလာတယ်။ တံတား အသစ်စက်စက် တစ်စင်း ဖောက်လုပ် ဒါမှမဟုတ် တူးမြောင်းဖောက်ရန်တို့ပါပဲ။ ဒီနှစ်မျိုးစလုံးမှာ လမ်းတွေလိုတယ်။ ဒေသခံတွေက ရှုတ်ချကန့်ကွက်လာနိုင်တယ်။ ဒေါ်လာ ၄ ဘီလီယံစီ ကုန်ကျနိုင်တာချည်းပဲ။ ပြီးသွားရင် ဂန္ဓဝင်ဘေယွန်တံတားကို ဖြိုချဖျက်ဆီးပစ်ရမယ်။

ဖြေရှင်းချက်တွေအတွက် ပုံသေနည်းထုတ်ဖို့ တာဝန်ယူထားသူက ပရောဂျက်မန်နေဂျာ 'ဂျိုးပါပါကျော်ဂျစ်' ဆိုသူ အသက် ၂၈ နှစ်အရွယ် ဆိပ်ကမ်းအာဏာပိုင် ဝန်ထမ်းဟောင်း အမျိုးသမီးငယ်လေးပါပဲ။ 'တံတားအသစ်ဆောက်ဖို့ တိုက်တွန်းတာက အမြဲတမ်း လက်တွေ့ကျတဲ့ ဖြေရှင်းချက်တော့ မဟုတ်ဘူး' သူမက အင်ဂျင်နီယာတွေကို ဒီဂန္ဓဝင်တံတားကို ပြန်လည်အံဝင်အောင်လုပ်လို့ ရနိုင်သေးသလားလို့ မေးကြည့်တယ်။ ဒီစိတ်ကူးက ရှုပ်ထွေးတာတော့ ထင်ရှားပါတယ်။ ဂန္ဓဝင်ဆိုတာနဲ့အညီ နှစ် ၈၀ ကျော် သက်တမ်းရင့်ခဲ့တဲ့ ဆောက်လုပ်ရေး ဂုဏ်သိက္ခာတစ်ရပ် ဖြစ်နေခဲ့တယ်။

လ အနည်းငယ်အကြာ၊ အင်ဂျင်နီယာတွေက အစီရင်ခံစာ တစ်ခု တင်တယ်။ ဂန္ဓဝင်ပေါင်းမိုးခုံးအတွင်းက ကားလမ်းတွေချည်း သက်သက်အမြင့်ကို မြှင့်ယူပြီး ပြန်ဆောက်လုပ်ဖို့ပါပဲ။ ဘာဖောင်ဒေးရှင်းအသစ်မှမလို၊ ဘာချဉ်းကပ်လမ်းအသစ်တွေ ဆောက်ဖို့လည်း မလိုတော့ဘူး။ လမ်းတစ်ဝက်မြှင့်တင်နေစဉ်မှာ ကျန်တဲ့အပိုင်း ဖွင့်ထားလို့ရတယ်။ စုစုပေါင်း ကုန်ကျစရိတ်က ဒေါ်လာ ၁ ဘီလီယံပဲရှိမယ်။ ၃ ဘီလီယံ

mgyoe.com

mgyoe.com



သက်သာမယ်၊ ဒီဖြေရှင်းချက်က အဲဒီခေတ် ဦးနှောက်ကလေးတွေ အတွက်တော့ ဂမ္ဘီရလိုပါပဲ။

ဒါက ၂၀၀၉ မှာ ပေါ်တဲ့စိတ်ကူးပါ။ ၂၀၁၃ ခုနှစ်အစမှာ ဆိပ်ကမ်း အာဏာပိုင်တွေက ဆောက်လုပ်ရေးစတင်ဖို့ အတည်မပြုနိုင်သေးဘဲ ရှိသေးတယ်။ ဒါ... ဘယ်သူ့မှာတာဝန်ရှိသလဲ။

အရေးကြီးတာတစ်ခု တည်ဆောက်ဖို့ အမေရိကန်မှာ အတည် ပြုချက်တွေ အလွှာအထပ်ထပ်ကို အစိုးရရဲ့အဆင့်တွေ မြောက်မြားစွာ· ဖြတ်သန်းရတယ်။ ဒီပရောဂျက်မှာ အစိုးရဌာနဆိုင်ရာတွေ ၁၉ ခု ဆီက ခွင့်ပြုချက်တွေ ၄၇ ခု ယူရတယ်။ သဘာဝပတ်ဝန်းကျင်ရေးရာ သုံးသပ် ချက်တွေပါဝင်ရာမှာ အကယ်ဒမစ် လေ့ကျင့်ခန်းတွေက အရှုပ်ထွေးဆုံး ကစားပွဲနဲ့တူနေတယ်။ အေဂျင်စီတွေအမျိုးမျိုး ပါဝင်ပတ်သက်နေတယ်။ 'လုပ်ငန်းစဉ်တွေက ပြဿနာဖြေရှင်းဖို့ကို ဦးမတည်နေဘူး' လို့ မစ်ပါပါ ရော့ဂျစ်က မှတ်ချက်ချတယ်။ 'ပြဿနာအဖြေရဖို့ ကြိုးစားပြီဆိုရင် 'ဟင့်အင်း' လို့ ငြင်းပယ်ခံရတာပဲရှိမယ်' တစ်စုံတစ်ရာတော့ မှားယွင်းနေ ပါပြီ။

တံတားက ရှိပြီးသားပန်းတိုင်က ပိုကြီးတဲ့သင်္ဘောတွေ ဖြတ်သွား ဖို့၊ ဒေသဆိုင်ရာ စီးပွားရေးအတွက်သာမက သဘာဝပတ်ဝန်းကျင် ရေးရာ အရေးပါမှုလည်းပါနေတယ်။ မျိုးဆက်သစ် နောက်ဆုံးပေါ် သင်္ဘောတွေကတော့ သန့်ရှင်းသပ်ရပ်ပြီး ကုန်စည်ထိထိရောက်ရောက် တင်နိုင်တယ်။ ချိန်ကိုက်လုပ်ဖို့က အရေးကြီးပါတယ်။ လုပ်ငန်းချဲ့ထွင်တဲ့ ပနားမားတူးမြောင်းက ၂၀၁၅ နှစ်မှာဖွင့်မှာပါ။

ဒါပေမဲ့ ဆုံးဖြတ်ချက်ကတော့ တစ်စုံတစ်ယောက်က ချရမယ်။ လုပ်ငန်းစဉ်ကလည်နေတယ်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေတွေက ဦးဆောင်အေဂျင်စီရဲ့ ကြပ်မတ်မှုနဲ့ အတိုချုံးခွင့်ပြုပါ

mgyoe.com

mgyoe.com



တယ်။ လုပ်ငန်းစဉ်အဆုံးမှာတော့ ဦးဆောင်အေဂျင်စီက 'ခမ်းနားမှု မပါတဲ့ ဖြေရှင်းချက်' (FONSI လို့သိထားတဲ့) ပဲဖြစ်ဖြစ်၊ ပြည့်ဝတဲ့ သဘာဝ ထိန်းသိမ်းရေးကြေညာချက်ပဲ ဖြစ်ဖြစ်လုပ်နိုင်တယ်။

သဘောတရားအရ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး သုံးသပ်ချက် အတိုချုံးလုပ်ဖို့ရာ ပြည်သူတွေဆီက မှတ်ချက်တွေ ၄၅ ရက်ကြာ ကောက်ယူရပြီးမှ ဆုံးဖြတ်ချက်တစ်ခု ချရမယ့် ဦးဆောင်အေဂျင်စီက ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ဖို့ရာ ဘယ်အရာရှိမှ ကိုယ့်အလုပ် မဟုတ်ဘူးလို့ ရှောင်နေကြတယ်။ မစ်ပါပါဂျော်ဂျစ်က ကမ်းရိုးတန်း အစောင့်တပ်က စစ်တပ်အင်ဂျင်နီယာတွေ အဖွဲ့ဆီကို မေတ္တာရပ်ခံချက် တစ်စောင် ရေးပို့ရတယ်။ နောက်ဆုံး ကမ်းရိုးတန်း အစောင့်တပ်ကပဲ ဖြေရှင်းရဖို့ ကျန်နေတော့တယ်။ ဦးဆောင်အေဂျင်စီတစ်ခု ရှာနေတာ တစ်နှစ်နီးပါး ကြာသွားတယ်။

ဒီနောက် လေ့လာမှုတွေလည်း လုပ်ရဦးမယ်။ ဥပမာ ဆိပ်ကမ်း အာဏာပိုင်က တံတားရဲ့ ၂ မိုင်အချင်းဝက် ပတ်လည်အတွင်း အဆောက် အအုံတိုင်းရဲ့ သမိုင်းရေးကွင်းဆင်း လေ့လာမှုကို ကြီးကြပ်လုပ်ရတယ်။ ဒီလိုအပ်ချက်ကို ဘယ်ပတ်ဝန်းကျင် ထိန်းသိမ်းရေးအရာရှိကမှ ဖြည့် ဆည်းပေးဖို့ အာဏာပိုင်တယ် မပြောကြဘူး။ ဘယ်အဆောက်အအုံရဲ့ ပရောဂျက်ကိုမှ မထိကြဘူး။ ဝယ်ယူဖြည့်တင်းရေး လုပ်ငန်းစဉ်က ကျွမ်းကျင်သူတစ်ယောက် ငှားဖို့ကိစ္စမှာ ဗျူရိုကရေစီ ကဇာတ်ကနေရ ပြန်တယ်။ ဒီကျွမ်းကျင်သူကိစ္စမှာ ဒေါ်လာ ၂ သိန်း အစမှ အဆုံးတိုင် ကုန်ကျသွားပါတယ်။

ဖက်ဒရယ်နဲ့ ပြည်နယ်ရေးရာ ဥပဒေတွေများပြားထူထပ်လာ တာမို့ ဌာနေအမေရိကန်လူမျိုးစုတွေက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီထဲ လာပေါင်းထည့်ဖို့ အခွင့်အရေးတွေ ရလာပါတယ်။ ပါဝင်

mgyoe.com

mgyoe.com



လာတဲ့ လူမျိုးစုတွေကတော့ အုတ်ကလာဟိုးမားက 'ရှောင်းနီလူနီရိုင်းတွေနဲ့ နက်ဗရာစတာနယ်က သဲတောင်ကုန်းနိုင်ငံက လူရိုင်းတွေပါပဲ။ နယူးဂျာစီနယ် အခြေခံတဲ့ လူမျိုးစုတစ်စုက ဒီသုံးသပ်ရေးလုပ်ငန်းစဉ်ထဲ ဝင်ပူးပေါင်းဖို့ ဆုံးဖြတ်ကြတယ်"

"အရှေ့တိုင်း ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေစင်တာ" ဆိုတဲ့ အုပ်စုက ဒီပရောဂျက်ကို စတင်ပယ်ချတော့တယ်။ ပိုမိုစွမ်းဆောင်ရည် ကောင်းတဲ့ သဘော်တွေက 'နေဝပ်' ဆိပ်ကမ်းကို အောင်မြင်စွာ ပိုလုပ်နိုင် သွားလာနိုင်ပြီးသားမို့ ပရောဂျက်သာလုပ်ဖြစ်ရင် ထရပ်ကားတွေ ပိုများပြားလာပြီး ယာဉ်ပိတ်ဆို့မှုတွေ များပြားလာလိမ့်မယ်။ ဒီယုတ္တိဗေဒကြောင့် ဆိပ်ကမ်းအာဏာပိုင်အဖွဲ့က ဆိပ်ကမ်းရဲ့ စွမ်းဆောင်ရည်ကို လက်ရှိအတိုင်း ခပ်လျော့လျော့ပဲထားရင်း ပရောဂျက်ကို ရပ်ဆိုင်းသင့်ကြောင်း ဆုံးဖြတ်လိုက်ပါတယ်။

EPA ဒေသခံရုံးက ဒီသဘောကို ပွေ့ဖက်ပြီး ၂၀၁၂ ခုနှစ်လယ်မှာ ကမ်းရိုးတန်းအစောင့်တပ်ကို စာတစ်စောင်ရေးပို့လိုက်တယ်။ နေဝပ်ဆိပ်ကမ်းဟာ ပြည်သူ့အကျိုးစီးပွားဘက်က ရှင်သန်စွာ ရပ်တည် မတည်လေ့လာပြီးပြီမို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတိုင်း ဘာပရောဂျက်မှ မလိုကြောင်း ဆုံးဖြတ်ပါတယ်။

၂၀၁၂ ခုနှစ် ဇူလိုင် ၁၉ ရက်မှာတော့ သမ္မတအိုဘားမားက ဘေယွန့်တံတားကို နိုင်ငံရဲ့အထွတ်အမြတ်ထားရာ အပေါ်ထပ်အဆောက်အအုံပရောဂျက် ၇ ခုအထဲက တစ်ခုအဖြစ် သတ်မှတ်တဲ့အတွက် ဒါပြီးစီးဖို့ ထောက်ခံသွားရမယ်လို့ ဆုံးဖြတ်တယ်။ ပြန်သုံးသပ်ရေး ဆုံးဖြတ်ချက်တွေကို ၂၀၁၃ ခု ဧပြီလမှာ အပြီးသတ်ချရမယ်လို့ ရက်သတ်မှတ်ပေးတယ်။

အလုပ်နဲ့ ပတ်ဝန်းကျင်ရေးရာ ပြဿနာတွေကြားမှာ မှန်ကန်တဲ့

mgyoe.com

mgyoe.com



ချိန်ဆမှုကို ဆုံးဖြတ်ဖို့ သမ္မတကို အာဏာပိုင်မှု ဘယ်သူကပေးသလဲ။ ဒေသခံလှုပ်ရှားရေးသမားတွေက ဒီပရောဂျက်ကို ရပ်တန့်ဖို့ တရားစွဲမယ်လို့ ခြိမ်းခြောက်တယ်။

၂၀၁၃ ခု မေလ ၂၃ ရက်မှာ ပရောဂျက်အတည်ပြုရေး စတင်လို့ ၃ နှစ်အကြာမှာ ကမ်းရိုးတန်းအစောင့်တပ်က ဒီပရောဂျက်မှာ ဘာမှ ထူးထူးခြားခြား မတွေ့ရလို့ ထည့်စဥ်းစားစရာ မလိုကြောင်း ထုတ်ပြန်လိုက်ပါတယ်။ ယခုတော့ 'မစ်ပါပါကျော်ဂျစ်' အနေနဲ့ တရားဥပဒေအရ ရင်ဆိုင်ဖို့ စောင့်ရတော့မယ့်အဖြစ် ရောက်သွားတယ်။ တောင်ဘက်တစ်မိုင်အကွာက 'ဂိုးသဲ' တံတားနေရာမှာ အစားထိုးဖို့ ပရောဂျက်တစ်ခု အတည်ပြုဖို့ အရေး ၁၀ နှစ်တောင် စောင့်ရသတဲ့။

ပြဿနာက အစိုးရက ဒီကိစ္စတွေကို သိပ်ဆိုးဆိုးဝါးဝါး လုပ်ခဲ့လို့ ဖြစ်တယ်။ အကောင်အထည် ဖော်ရေးတွေမှာ ဒီလိုကျဆုံးရတာတွေက ပေါ်လစီကျဆုံးရခြင်းပဲ ဖြစ်လာပါတယ်။ ဥပမာ အမေရိကန်ရဲ့ အပေါ်ထပ် အဆောက်အအုံ ဆွေးမြည့်တာတွေ ပြန်တည်ဆောက်ရေးဟာ ပါတီနှစ်ဖက်စလုံးရဲ့ ဦးစားပေးချက်တစ်ရပ်ပဲ ဆိုပါစို့။ အမေရိကန်ရဲ့ လျှပ်စစ်ပိုင်းဆိုင်ရာ ကိရိယာတွေက ခေတ်မမီတော့ဘူး။ ထရန်စဖော်မာတွေဆိုရင် အနှစ် ၄၀ လောက် သက်တမ်းအိုနေပြီ၊ ပိုင်ယာကြိုးတွေက ယောင်းနွမ်းနေပြီး ပြောင်းရွှေ့ရေးစတေရှင်တွေက စွမ်းအား ၇% လောက် ပြုန်းတီးနေတယ်။

ဒါပေမဲ့ အမေရိကရဲ့ လျှပ်စစ်ကိရိယာတွေ ပြန်တည်ဆောက်ဖို့ရာ တက်ကြွတဲ့ စီမံကိန်းတွေမရှိဘူး ဖြစ်နေတယ်။ အဓိကအကြောင်းရင်းက ဒါတွေအတည်ပြုဖို့ ဆုံးဖြတ်ချက်တွေကို အစိုးရက မချမှတ်နိုင်တာပဲ ဖြစ်ပါတယ်။ ဖြတ်သန်းသွားရမယ့် လိုင်းကြောင်းတွေက သစ်တောတွေ၊ သဲကန္တာရတွေ ဖြစ်နေတာကြောင့် လူတချို့က ပယ်ချကြ

mgyoe.com

mgyoe.com



တယ်။ ဘေယွန့်တံတားကြီး ဗျူရိုကရက်တစ် တန်းကျော်ပြေးပွဲတွေ ဖြတ်သန်းခဲ့ရသမျှနဲ့မြှောက်ရင် တစ်ရာဆတောင် ရှိနိုင်သေးတယ်။

အစိုးရရဲ့ အခရာကျတဲ့ ရွေးချယ်ချက်တွေ မတတ်စွမ်းနိုင်မှုက အမျိုးသားရေးရာ ကသောင်းကနင်းဖြစ်မှုသာ ဖြစ်တယ်။ ဒီစာအုပ်မှာ ရှင်းပြချက်အယူအဆ သဘောတရားအတွဲလိုက် တွေ့ရပါလိမ့်မယ်။ အစိုးရပေါ်မှာ ကျွန်တော်တို့ရဲ့ ချဉ်းကပ်ချက်ရွေ့ပြောင်းဖို့ လိုအပ်နေတာ တွေ့ရမယ်။

**ရှင်းပြချက်အယူအဆ (၁)။ အမေရိကဟာ ပြည်သူ့ရွေးချယ်မှုတွေကို လုပ်နိုင်စွမ်း ပျောက်ဆုံးနေရပြီ။**

အမေရိကဟာ ဒဿနဆရာ 'ဟန်နာ့အရန့်ဒ်' ကို ဖန်တီးခဲ့တယ်။ သူက 'ဘယ်သူမှ အစိုးမရ၊ ဘယ်သူ့ဥပဒေမှမဟုတ်' ဆိုတာကို ထွင်ခဲ့သူ ဖြစ်တယ်။ လက်ရှိလိုအပ်ချက်ကို တုံ့ပြန်တဲ့ အခရာကျတဲ့ ရွေးချယ်ချက်တွေ လုပ်နိုင်စွမ်းမရှိဘဲ သူ့ကိုယ်ပိုင်ဘဝတစ်ခုကို ယူနေတဲ့ ဗျူရိုကရက်တစ်ယောက်ရဲ့ အခြေအနေကို ပြောသွားတာပါ။ တစ်ယောက်ရဲ့ ထိန်းချုပ်မှုက လွတ်နေတဲ့အစိုးရဟာ သူဝန်ထမ်းနေရတဲ့ လူ့အဖွဲ့အစည်းဆီက အဆက်အစပ်ကင်းမဲ့မှုတွေ တိုးလာနေပါတယ်။

ဘေယွန့်တံတားလုပ်ငန်းစဉ်က တကယ်လို့ တစ်စုံတစ်ယောက်က အောက်ပါသုံးသပ်ချက် လမ်းကြောင်းတစ်ခု ဆွဲယူပိုင်ခွင့် အာဏာသာရနေရင် အတိုချုပ်ပြီးသွားနိုင်တယ်။

"အိုး... သမိုင်းဝင်အဆောက်အအုံတွေကို ကွင်းဆင်းလေ့လာဖို့ မလိုအပ်ပါဘူး" ဒီလိုပြောပိုင်ခွင့်ရှိသူရယ်လို့ မရှိပါဘူး။

ခေတ်သစ်အစိုးရက ဥပဒေစက်ယန္တရား အမျိုးအစားတစ်မျိုးကို ဒီဇိုင်းထွင်ထားတယ်။ ဒီဇိုင်းကို ဆိုးဆိုးဝါးဝါးလုပ်ထားတာပါ။ အမှန်

mgyoe.com

mgyoe.com


တော့ တီထွင်တဲ့ စက်ယန္တရားထဲက အဆိုးဆုံးတစ်ခုဖြစ်နေတာပါ။ ယင်း ရဲ့အူတိုင်အမှားကြီးက လုပ်ရပ်ရဲ့အခိုက်အတန့်မှာ လူရဲ့ စီရင်ဆုံးဖြတ် ချက်မပါဘဲ ရွေးချယ်ချက်တွေလုပ်ဖို့ ယင်းက နှိုးဆွပေးနေတာပါ။

ဆုံးဖြတ်ချက်တွေက ဥပဒေလုပ်ငန်းစဉ်တစ်ခုနဲ့ အစားထိုးလုပ် ထားတာ ဖြစ်တယ်။ ပြည်သူ့ဝန်ထမ်းတွေက ဥပဒေအစုအပေါင်း လုပ်နည်းလုပ်ထုံးတွေက ပြောတဲ့အတိုင်း လိုက်လုပ်နေရတယ်။

အစိုးရကို ဥပဒေဂီယာတွေ၊ ခြေနင်းအဖိတွေနဲ့ ရောမ စက်ယန္တရား ဘီလူးကြီးတစ်ကောင်နဲ့ တူတယ်လို့ စဉ်းစားကြည့်ပါ။ ဥပဒေပြုခြင်း ကနေ လုပ်ထုံးလုပ်နည်းအသစ်တွေ ပရိုဂရမ်အသစ်တွေ ဖန်တီးရင်း ပိုကြီးမားလာတယ်။ ဒါပေမဲ့ တစ်နေ့တာချင်း ခေတ်သစ်အစိုးရက တာဝန်ခံတွေရဲ့ လက်တွေ့အရ ခုတ်မောင်းတာ မဟုတ်ခဲ့ဘူး။

'ဂျုံးပါပါဂျော်ဂျစ်' ဟာ ဘေယွန့်တံတားနဲ့အတူ ထင်ရှားတဲ့ ပန်းတိုင်တွေကို ဟာကြူလီလောက် အားထုတ်မှုကြီးကြီးတွေနဲ့ လုပ်ရ တယ်။ ဒါပေမဲ့ သူတို့ကလည်း တာဝန်ခံအကြီးအကဲတွေ မဟုတ်ကြ ဘူး။ အစိုးရက စက်ယန္တရားသွားတဲ့အတိုင်း သွားကြတယ်။ ဥပဒေ အော်တိုပိုင်းလော့ပေါ်မှာ ရှေ့သို့ဖြည်းဖြည်းလေး တွားသွားနေတယ်။

ကျွန်တော်တို့ ယုံကြည်ထားတာက အစိုးရရဲ့ဆုံးဖြတ်ချက်တွေ ဟာ 'ဥပဒေရဲ့အုပ်ချုပ်ခြင်း' လို့ သိထားတဲ့ဟာတွေနဲ့ လိုက်လျောညီထွေ ရှိရမယ်ဆိုတာပါပဲ။ ဒီဟာလာဟင်းလင်း အယူအဆက လွတ်လပ်တဲ့ လူ့အဖွဲ့အစည်းတစ်ခုရဲ့ အခြေခံအနေနဲ့ တစ်ကမ္ဘာလုံးက သဘောထား ကြရတယ်။

'ဖရက်ဒရစ်ဟေယက်' က ခုလိုရေးခဲ့တယ်။

"အစိုးရက လုပ်ရပ်အားလုံးမှာ ကြေညာထားတဲ့ဥပဒေတွေနဲ့ ချည် နှောင်သင့်တယ်၊ မတိုင်ခင်ကပဲ ခိုင်မာသင့်တယ်၊ အာဏာပိုင်တွေက

mgyoe.com

mgyoe.com


ပေးထားတဲ့အခြေအနေတွေထဲမှာ သူတို့ရဲ့စေးပိုင်တဲ့ပါဝါတွေ ဘယ်လို သုံးနိုင်တယ်ဆိုတဲ့ သင့်တော်တဲ့ သေချာမှုနဲ့အတူ၊ ကြိုမြင်ဖို့ဖြစ်နိုင်တဲ့ ဥပဒေတွေ ကြိုရှိထားရမယ်”

ပြည်သူ့ဆုံးဖြတ်ချက်ဆီ ဒီချဉ်းကပ်မှုကို သီအိုယိုဂျီကယ် သဘော တရားအရ ရိုသေမှုနဲ့ ဆက်ဆံရမယ်။ ‘ဖော်တဲယား’ က အကြံပေးခဲ့ တယ်။ ‘ဥပဒေမှန်သမျှအားလုံးက တညီတညာတည်း တိကျရှင်းလင်း နေပါစေ။ ဥပဒေတွေအနက် ကောက်ယူဖို့က ယင်းတို့ကိုပဲ အမြဲတစေ တိုက်စားနေတတ်ပါတယ်”

နိုင်ငံရေးခေါင်းဆောင်တွေက အစိုးရရဲ့ကျဆုံးမှုတွေအတွက် တခြားဘက်ကို အပြစ်ဖို့ရေးကိုပဲ သူတို့ဘဝတွေမှာ မြတ်နိုးဖက်တွယ် နေကြတယ်။ ဒီနေရာမှာတော့ သူတို့အားလုံး တစ်သဘောတည်း ညီနေ ကြလေရဲ့။

ယနေ့လူ့အဖွဲ့အစည်းမှာ သင်ပြဿနာတစ်ခုခု ရင်ဆိုင်ရရင် သင့် ကိုယ်သင် မေးကြည့်ပါ။ ဒါကိုဖြေရှင်းနိုင်မယ့် အာဏာပိုင်က ဘယ်သူ လဲ။ အဖြေက ဘယ်သူမှ မရှိဘူးတဲ့။

## အလိုအလျောက် ဥပဒေတွေက ပြည်သူတွေကို ကျဆုံးစေတယ်

အသေးစိတ် အလွတ်ကျက်မှု စနစ်တစ်ရပ်က အစိုးရအလုပ်တွေ ပိုကောင်းလာစေရမယ့်အစား ကျဆုံးမှုတွေပဲ ဖြစ်စေတယ်။ နယူးဂျာစီ အရာရှိတွေက ရေလျှံနေတဲ့ စမ်းချောင်းထဲက သစ်ပင်ကို ဆယ်တင်ဖို့ ၁၂ ရက်ကြာခဲ့သတဲ့လေ။

ဘတ်ဂျက်တွေက ထိန်းချုပ်မှုတွေ လွတ်ကုန်ရတာက၊ အစိုးရ အမှုဆောင်တွေက အဆုံးသတ်အပိုင်းတွေ တိတိကျကျ ရိတ်ပယ်နည်းနဲ့ ပျော့ပျောင်းညင်သာမှုတွေ ကင်းမဲ့နေတာကြောင့်ပါပဲ။ နယူးယော့ခ်

mgyoe.com

mgyoe.com


ပြည်နယ် အုပ်ချုပ်ရေးမှူး 'အင်ဒရူးကူအိုမို' ဟာ သူရွေးချယ်ခံရပြီး ခါစမှာပဲ လူငယ်ဆယ်ကျော်သက် လူပေလူလွင့်တွေ ထိန်းချုပ်ဖမ်းဆီး ထားရာ စင်တာတစ်ခု ဟာလာဟင်းလင်း ဖြစ်သွားရလို့ သူ့မှာကုန်ကျငွေ ဒေါ်လာ သန်း ၅၀ တောင် စုမိဆောင်းမိ အမြတ်ထွက်သွားရတယ်။ ဘယ်တော့မှ ပြန်အသုံးပြုနိုင်မှာမဟုတ်တာ သေချာတဲ့စင်တာပါ။ ဝန်ထမ်းပေါင်း ဒါဇင်များစွာဟာ ဘာမှလုပ်စရာမရှိတော့ဘဲ အခွန်ပေး ဆောင်ရမှု ဒေါ်လာသန်းနဲ့ချီနေတယ်။ ဒါပေမဲ့ ဒီစင်တာကို ပိတ်ပစ်ဖို့ တော့ ဘယ်သူမှ အာဏာမပိုင်ဘူးဖြစ်နေတယ်။ ပြည်နယ်အုပ်ချုပ်ရေးမှူး တောင် ပိတ်မပစ်နိုင်ဘူး။ သမဂ္ဂဝန်ထမ်းတွေလုပ်နေတဲ့ ဘယ်နေရာ ဌာနမှ အနည်းဆုံးတစ်နှစ် နို့တစ်မပေးဘဲ ပိတ်လို့မရဘူးဆိုတဲ့ နယူး ယော့ခ်ဥပဒေတစ်ခုက ရှိနေတယ်။ ဒါကြောင့် အခွန်ပေးဆောင်ရမှု ဝင်ငွေ ပေါင်း ဒေါ်လာသန်း ၅၀ ရှိသွားရတာပေါ့။ မိသားစုပေါင်း တစ်သောင်း ချင်းမှာ မိသားစုတစ်ခုအတွက် ဒေါ်လာ ၅၀၀၀ ကျစီ ပေးနေတာဟာ ပြည်သူ့အကျိုးဘာမှမပါတဲ့ ဖြုန်းတီးမှုပါပဲ။

၁၉၆၆ မှာ၊ ကျန်းမာရေး ဂရုစိုက်မှုကို ဥပဒေပြဌာန်းပြီးတဲ့နောက် သက်ကြီးရွယ်အိုတွေ ကျန်းမာရေးဂရုစိုက်မှု အစီအစဉ်ရဲ့ ဗိသုကာတွေက သူတို့လုပ်ငန်းလုပ်ပုံကိုင်ပုံတွေကို ကွင်းဆင်းစစ်ဆေးကြတယ်။ ဆရာဝန် တွေ၊ ဆေးရုံတွေက ဒီအစီအစဉ်အောက်မှာ သူတို့ရဲ့ လက်တွေ့လမ်းညွှန် ချက်တွေကို ဝင်ငွေအများဆုံးရရှိရေးအတွက်ပဲ ပြောင်းနေကြတယ်။ ဝန်ဆောင်ပေးရမှုအတွက် အခကြေးငွေပေးရမယ်ဆိုတဲ့ ပုံစံပေါ်မှာ တည် ဆောက်နေတယ်။ စမ်းသပ်မှုအစီအစဉ်တွေ လုပ်ပေးပေမဲ့ ဆရာဝန်တွေ၊ ဆေးရုံတွေက လူနာတွေအပေါ်မှာ ကျသင့်ငွေတွေ ကြီးကြီးမားမား ယူနေ ကြတယ်။ ဥပဒေပြဌာန်းရေးဗိသုကာတွေက ချက်ချင်းပဲ ဘတ်ဂျက်ဝါး စားတဲ့ သားရဲကောင်ကြီးတွေ လုပ်စားကြတော့တယ်။

mgyoe.com

mgyoe.com

အရာရှိတွေက ပြည်သူ့ရန်ပုံငွေတွေ ပိုက်လိုင်းက ပုံအော စီးဆင်းလာတာတွေအပေါ် အခွင့်ကောင်းယူပြီး ကျသင့်ငွေတွေ ပိုပြကြတယ်။ ကျန်းမာရေးဂရုစိုက်မှုလုပ်ငန်းက အစိုးရရဲ့ ပြင်ဆင်ထောက်ပံ့သူတွေကြားမှာ ဗျူရိုကရက်တစ်ပုံစံ နွံဗွက်ထဲ ရုန်းကန်နေရပါတယ်။ ကျွမ်းကျင်သူတွေ လေ့လာတွေ့ရှိရတာက ဝန်ဆောင်ပေးမှုအတွက် အခကြေးငွေပေးရမယ်ဆိုတာကို စွန့်လွှတ်ပြီး ဆရာဝန်တွေ၊ လူနာတွေ၊ ပြည်သူတွေအတွက် မက်လုံးပေးတာကို အလိုက်သင့်လုပ်ပေးရမယ် ဆိုတာပဲ။ ဒါပေမဲ့ ဒါလုပ်ဖို့ဥပဒေတွေနဲ့ ဆက်စပ်ထားမှုမရှိဘူး။

နှစ် ၅၀ ကြာတဲ့အခါ ကျန်းမာရေးဂရုစိုက်မှု (Medicare) လုပ်ငန်းနဲ့ အပေါင်းပါ Medicaid လုပ်ငန်းအစီအစဉ် ပါဝင်လာရာမှာ ကမ္ဘာ့အကျယ်ပြန့်ဆုံး အစီအစဉ်အဖြစ်နဲ့ ဖက်ဒရယ်ဘတ်ဂျက် တစ်ခုလုံးရဲ့ ၂၀%နီးပါး ကုန်ခန်းသွားပါတော့တယ်။ သမ္မတအိုဘားမားလက်ထက် ကျန်းမာရေးဂရုစိုက်မှု လုပ်ငန်းခေါင်းဆောင် 'ဒေါက်တာဒွန်ဘာဝစ်' က Medicareက နှစ်စဉ်ဒေါ်လာ ဘီလီယံ ၂၀၀ ဖြုန်းတီးပစ်နေတယ်လို့ ခန့်မှန်းတယ်။ ဒါက ဘာကြောင့်လဲဆိုရင် ဝန်ဆောင်မှုအတွက် အခပေးရမယ်ဆိုတဲ့ မက်လုံးနဲ့ ဝက်အူကျပ်ထားလို့ပါပဲ။ ကွန်ဂရက်မှာ ဥပဒေပြောင်းလဲဖို့ စွမ်းအားတန်ခိုးရှိပါတယ်။ ဒါပေမဲ့ နိုင်ငံရေးက ဒါကိုမဖြစ်နိုင်အောင်လုပ်နေတယ်။

၂၀၁၀ ပြည့်နှစ်မှာ ကျန်းမာရေးအစီအစဉ်ကြီး သုံးမျိုး (Medicare, Medicaid နဲ့ Social Security) စလုံးက စားသုံးဖြုန်းတီးလိုက်တာတွေက ဖက်ဒရယ်အခွန်ဝင်ငွေရဲ့ ၇၀%အထိ ရှိတယ်။

ပြည်သူ့ဝန်ထမ်းတွေ လုပ်ဆောင်ချက်ကောင်းလို့ ရာထူးတိုးပေးတာမျိုးတွေက ဥပဒေဘောင်မဝင်ဘူး ဖြစ်နေရတယ်။ အလုပ်အကိုင်ခန့်ထားရေးကို ရေးဖြေစစ်မေးမှုတွေနဲ့ ပြည့်နေရပေမဲ့ တကယ့်လက်တွေ့

mgyoe.com

mgyoe.com



လုပ်ဆောင်တာ ဘာမှမရှိဘူး။ ဝါရှင်တန်ဒီစီမှာရှိတဲ့ ဖက်ဒရယ်ရုံးတစ်ရုံးမှာ ကွန်ပျူတာနှစ်လုံး ဗိုင်းရပ်စ်ပိုးဝင်ခဲ့ရာမှာ IT နည်းပညာရှင်တွေက တစ်လုံးကိုပဲပြင်ပြီး ကျန်တစ်လုံးကို လက်ရှောင်နေတယ်။ သူ့ရဲ့ပုံစံစာရင်းထဲမှာ အဲဒီတစ်လုံးမပါလို့ လက်နဲ့မထိတာဖြစ်ပါသတဲ့။ အလေးထားမှုတွေက တည်ရှိမနေကြဘူး။

ပြည်သူ့ပေါ်လစီတွေက တကယ့်လူတွေရဲ့နိစ္စဓူဝလုပ်ရပ်တွေထဲ ဘဝကို အသက်ဝင်လာစေတယ်။ အမေရိကရဲ့ပြည်သူ့ ရွေးချယ်မှုလုပ်တဲ့ လက်တွေ့မကျတဲ့ ပေါ်လစီကို အောက်ပါအတိုင်း အနှစ်ချုပ်ဖော်ပြနိုင်ပါတယ်။

## 'ခေတ်သစ်အမေရိကန်အစိုးရရဲ့ ယုံကြည်မှုအတွဲ'

ပြည်သူ့ရွေးချယ်မှုက ဖြစ်နိုင်တဲ့နေရာတိုင်းမှာ သီးခြားဥပဒေ အလွတ်ကျက်မှုတွေကြောင့် ကြိုတင်ချထားသလို ဖြစ်ရတယ်။ အရာရှိတွေက လက်တွေ့ကျတဲ့ ရွေးချယ်မှုတွေလုပ်ဖို့ ခွင့်မပြုဘူး။ ပြည်သူ့ပန်းတိုင်တွေကို တန်ပြန်ထုတ်လုပ်မှုကျတာတွေနဲ့ပဲ အဓိပ္ပာယ်မဲ့တဲ့ နည်းလမ်းတွေနဲ့ လုပ်နေရတယ်။ တစ်ဦးချင်းတာဝန်ယူမှုတွေကို ရှောင်သင့်ပြီး ဥပဒေအလွတ်ကျက်မှတ်မှုတွေနဲ့ အစားထိုးလိုက်တဲ့အတွက် အထက်ပါ ပထမဆုံးဝါကျအတိုင်း ဆက်ဖြစ်သွားရတယ်။

အစိုးရလုပ်ပုံက ပိုဆိုးလာလေလေ ကျွန်တော်တို့မှာ ဒါကိုထိန်းချုပ်ဖို့ အလွတ်ကျက်ဥပဒေတွေနဲ့ပဲ ပိုပိုပြီးလိုက်ရှာရလေလေပါပဲ။ ဥပမာ စာသင်ကျောင်းတွေမှာ ကျောင်းဆရာတွေ စွမ်းဆောင်ရည် ပိုကောင်းအောင် တွန်းပေးတဲ့အနေနဲ့ စစ်ဆေးရေးမက်ထရစ်တွေ အဆက်မပြတ် ပြန်ပြင်ရေးတွေနဲ့ပဲ လုပ်ထုံးလုပ်နည်းကော်ဇောတွေ ဖုံးကြဲခံနေရပါတော့တယ်။

mgyoe.com

mgyoe.com


အလိုအလျောက် ဥပဒေတွေက ကျွန်တော်တို့ရဲ့ လွတ်မြောက်ခြင်းကို တိုက်စားပစ်နေတယ်။

ပြည်သူ့ရွေးချယ်မှုတွေကို အသေးစိတ်ဥပဒေတွေနဲ့ ထိန်းချုပ်နေတဲ့ ပြည်သူ့ဒဿနတစ်ခုက ကျွန်ုပ်တို့ရဲ့ လွတ်မြောက်ခြင်းကို အာမခံပေးနေတယ်။

အရာရှိတွေရဲ့ စွမ်းရည်ကင်းမဲ့မှုနဲ့ စိတ်အခန့်မသင့်သလို ပြုမူချက်က၊ လူ့အဖွဲ့အစည်းထဲ ဂယက်မြန်မြန်ထစေတယ်။ ဘယ်လိုပဲဖြစ်ဖြစ် လူတိုင်းရဲ့ လွတ်မြောက်မှုက လျော့လျော့လာတော့တယ်။ နေ့စဉ်အစိုးရနဲ့ အစိုးရအတွင်းက မရေမတွက်နိုင်တဲ့ ရင်ဆိုင်တွေ့ရမှုတွေထဲမှာ လူတွေက အဓိပ္ပာယ်ရှိရှိ ပြုမူခြင်းတွေကနေ တားဆီးခံနေရတယ်။

၂၀၁၁ ခုနှစ်မှာ နယူးဂျာစီပြည်နယ် 'မော်ရစ်တောင်း' စွပ်ပြုတ်မီးဖိုချောင်လုပ်ငန်းအသိုင်းအဝိုင်းက သူတို့ရဲ့ဟင်းလျာဝန်ဆောင်မှုလုပ်ငန်းကြီး ပိတ်သိမ်းရတော့မယ်လို့ ပြောကြားတယ်။ ဒီမီးဖိုဆောင်က ဘာတွေမှားနေကြောင်းကို ဘယ်အရာရှိကမှ လက်တွေ့ဆုံးဖြတ်ချက်မချကြဘူး။ ဒီလုပ်ငန်းက တစ်နေ့ကို ဟင်းလျာပေါင်း သုံးရာကျော်တည်ခင်းပေးနေတာ နှစ်ပေါင်း ၂၆ နှစ်သက်တမ်းရှိနေပြီ။ သက်ကြီးရွယ်အိုတွေနဲ့ လိုအပ်ရာလူတွေကို ပြင်ဆင်ပေးတာပါ။ အခြားဧည့်သည်တွေနဲ့ ဝေမျှစားရတဲ့ ဟင်းလျာနဲ့ နာမည်ကျော်ကြားတယ်။ အဲဒါကိုက ပြဿနာဖြစ်ရတာပါပဲ။ နယူးဂျာစီဥပဒေအရ ဒီဟင်းလျာမျိုး ပြင်ဆင်ချက်ထဲမှာ မပါဘူး။

၂၀၁၁ ခုနှစ် နွေရာသီမှာ မေရီလန်းဘတ်တစ္စဒါမှာ US Open Golf ချန်ပီယံပွဲရဲ့ ပွဲကြည့်စင်တစ်လျှောက် ကလေးတွေ သံပရာဖျော်ရည်မသောက်ရဘူးလို့ ကောင်စီခရိုင်နယ်အရာရှိတွေက လာရောက်ပိတ်ပင်မှုဖြစ်ပွားတယ်။ ဘာကြောင့်ဆို ကလေးတွေမှာ လက်ပွေ့ဈေးသည်တွေ

mgyoe.com

mgyoe.com



ဆီက ဝယ်နိုင်တဲ့ လိုင်စင်မရှိလို့ဆိုပဲ။ အရာရှိတွေက ကလေးတွေကို တရားရုံးဆီ ဆင့်ခေါ်တာတော့ မလုပ်ဘူးပေါ့လေ။ ဒီအစား ကလေးမိဘ တွေကိုပဲ ဆင့်ခေါ်ပါတယ်။ ဒေသခံ တီဗီသမားတွေ စုပြုံပြီး ကလေးတွေ ကို အင်တာဗျူးကြပါလေရော။ နောက်ဆုံးမှာ လုပ်ထုံးလုပ်နည်းတွေ က လက်ပွေ့ဈေးသည်တွေကို ခြွင်းချက်မပေးပါဘူး။ တကယ်ပဲ နွေရာသီ မှာ သံပရာရည်တွေ ပိတ်ပင်တာတွေက လှိုင်းလုံးလို ပြန့်ပွားသွားတာ မက်ဆက်ချူးဆက်၊ ဂျော်ဂျီယာနဲ့ အခြားပြည်နယ်တွေထိအောင်ပါပဲ။

နယူးယော့ခ်စီးတီးမြို့တော်ဝန် 'ဘလွန်ဘာ့ဂ်' က စားသောက်ဆိုင် အသစ်ဖွင့်ဖို့ ခွင့်ပြုချက်ကို အေဂျင်စီအမျိုးမျိုး ၁၁ ခုထိ လျှောက်ရတယ်။

ကျောင်းဆရာ၊ ရဲနဲ့ လူမှုရေးလုပ်သားတွေလို ဗျူရိုကရေစီ အတွင်း အလုပ်လုပ်ရတဲ့လူတွေဟာ လုပ်ထုံးလုပ်နည်းနဲ့ သက်ရှိလူတွေရဲ့ လိုအပ် ချက်တွေကြားက တလွဲဆံပင်လုပ်တာတွေနဲ့ပဲ အဆက်မပြတ် ရင်ဆိုင်နေ ရတယ်။

စနစ်တွေက လူတွေကို အောက်ဘက်ဆွဲချနေတယ်။ အားကောင်း တဲ့ အလုပ်အကိုင် လုံခြုံရေးရှိတာတောင်မှ ပြည်သူ့ဝန်ထမ်းတွေမှာ စိတ်ဖိစီးမှုရောဂါတွေ မြင့်မြင့်မားမားဖြစ်နေကြတယ်။

၂၀၁၂ ခုနှစ်က ကယ်လီဖိုးနီးယားက ကျောင်းဆရာတစ်ယောက် သူ့အလုပ်ကထွက်ရခြင်း အကြောင်းရင်းတွေကို ခုလိုပြောသွားပါတယ်။

"ကျွန်တော် ကျောင်းဆရာအလုပ်က ထွက်ရတာက စွမ်းအားမဲ့နေ ရတဲ့ ခံစားချက်တွေနဲ့ မခံနိုင်အောင် မောပန်းလို့ပါပဲ။ အသက်မွေးဝမ်း ကျောင်းသမားကို ကလေးသူငယ်တစ်ယောက်လို ဆိတ်ဆိတ်နေခြင်းနဲ့ တုံ့ပြန်ဆက်ဆံခံနေရတာနဲ့ မောပန်းလှပါပြီ။ ကျွန်တော် ကျောင်းတစ် ကျောင်းတည်းက ထွက်လာတာမဟုတ်ပါ။ တစ်တိုင်းပြည်လုံး ရှုံးသွင် မိုက်မဲနေကြမှုအခင်းအကျင်းထဲက ထွက်လာတာပါ။"

mgyoe.com

mgyoe.com



**ရှင်းပြချက်အယူအဆ (၂)။ ကောင်းတာတစ်ခုခုလုပ်ဖို့ရာ လူ့စွမ်းအင်နဲ့စီရင် ဆုံးဖြတ်ချက်လိုအပ်တယ်၊**

သင်ပြီးမြောက်ခဲ့တဲ့ အရာအားလုံး စဉ်းစားကြည့်ပါ။ အရောင်းကိစ္စပဲလုပ်လုပ်၊ လူနာတစ်ယောက်ပဲကုကု၊ ကလေးပြုစုပျိုးထောင်တာဖြစ်ဖြစ် စိန်ခေါ်ချက်တွေ ရွေးချယ်လုပ်ရတာတွေ ခံယူဖြတ်သန်းသွားရတာပါပဲ။ ဒီလုပ်ငန်းတာဝန်တစ်ခုချင်းစီက ဆုံးဖြတ်ချက်တွေအရေအတွက် မြောက်မြားစွာ လိုပါတယ်။ အဖွဲ့အစည်းရေးကို လက်စွဲကိရိယာတွေနဲ့ လုပ်ငန်းစဉ်တွေက အရေးပါနိုင်ပါတယ်။ ဒါပေမဲ့ သူတို့က ဒီနေရာမှာ သူတို့တွေရဲ့ လမ်းကြောင်းတွေ ဘယ်တော့မှမယူပါဘူး။

အရာကိစ္စတွေကို သင့်ကိုယ်ပိုင်လမ်းနဲ့လုပ်တဲ့ လွတ်မြောက်ခြင်းလက်တွေ့ဖြစ်နေတဲ့ လမ်းမှာရှိတယ်။ လူတွေကို ဘဝရဲ့အခြေအနေတွေကန့်သတ်မဲ့ ရှုပ်ထွေးနေမှုက မိုင်ငြမ်းပြုခွင့်ပေးထားလို့ပဲ ဖြစ်ပါတယ်။ စီမံခန့်ခွဲရေးပါရဂူကြီး 'ပီတာဒရပ်ကာ'ရဲ့ မှတ်ချက်စကားက အောက်ပါအတိုင်းပါ။

"တစ်ဦးချင်းအင်အားနဲ့ တာဝန်ယူမှုတွေ ပြည့်ပြည့်ဝဝပေးထားတဲ့ စီမံခန့်ခွဲရေး စည်းမျဉ်းတစ်ရပ်မပါဘဲနဲ့တော့ ဘယ်အားထုတ်ချက်မှ မအောင်မြင်နိုင်ပါဘူး"

အရာကိစ္စတွေ သင့်ကိုယ်ပိုင်လမ်းနဲ့လုပ်ဖို့ လွတ်မြောက်ခြင်းက ပိုလက်တွေ့ကျတဲ့ ပြီးမြောက်မှုကို ပိုပေးအပ်တယ်။ ဘဝကို အဓိပ္ပာယ်ရှိစေတယ်။ လက်မောင်းတွေ ပင့်တင်ပြီး သင့်ကိုယ်ပိုင်လမ်းက စိန်ခေါ်ချက်တွေ ရင်ဆိုင်ပစ်တတ်တယ်။ နေ့ရက်တစ်ရက် အသစ်တစ်ခုစီက သင့်ကြောင့် ပြီးမြောက်မှုအသစ်တွေအတွက် အခွင့်အလမ်းတစ်ရပ်စီဖြစ်နေတယ်။

လွတ်လပ်တဲ့ လူ့အဖွဲ့အစည်းရဲ့ စွမ်းအင်က နေ့စဉ် ရွေးချယ်ချက်

mgyoe.com

mgyoe.com


တွေ သင်ပိုင်ဆိုင်ထားမှုကနေ လာတာပါပဲ။ လွတ်လပ်ခြင်းက တာဝန် အရ မဲပေးခွင့်ရှိရုံသာမကသေးဘဲ ဇော်ကားရန်စမှုကိုကာတဲ့ ခံစစ်ဒိုင်းကာ ချက်လည်း ဖြစ်တယ်။ လွတ်လပ်မှုက သင့်ရဲ့လုပ်ရပ်ပါပဲ။ လွတ်လပ် ခြင်းက သင့်ကိုယ်ပိုင်အလုပ်တွေ၊ ပရောဂျက်တွေထဲက ခြားနားချက် တစ်ရပ် လုပ်နိုင်စွမ်းရှိမှုပါပဲ။ ပိုကျယ်ပြန့်တဲ့ လူ့အဖွဲ့အစည်းအသိုင်း အဝိုင်းထဲမှာ အခြားသူတွေနဲ့အတူတကွ ပါဝင်နေတယ်။ အဆိုးဆုံးက ဥပဒေတစ်ရပ် လိုအပ်လာတာကြောင့် မိုက်မဲတဲ့အရာလုပ်ဖို့ လိုအပ်လာ တာပဲဖြစ်တယ်။

လူတွေ သူတို့စွမ်းအင်တွေ ပျောက်ဆုံးရတာက သူတို့ကိုပြောထား တဲ့အတိုင်း လုပ်ဖို့ ဘဝတစ်လျှောက် ထွင်းကြောင်းတွေကို အားနဲ့ထွင်းရ လို့ပါပဲ။ ဗဟိုပြု အလွတ်ကျက်ဥပဒေတွေက လူတွေကို ဦးနှောက်တွေ သေအောင်လုပ်နေတာဖြစ်တယ်။ လူတွေမှာ မပျော်ရရုံမက သိပ်များများ လည်း မလုပ်ဖြစ်တော့ပါဘူး။ ဒါတွေက အစိုးရဝန်ထမ်းတွေမှာ ဖြစ် ပျက်နေသမျှပါပဲ။

ဒီမိုကရက်တစ်ဖြစ်စဉ်တစ်ခုက ထွက်ပေါ်လာတဲ့ ကျွန်တော်တို့ လူ့အဖွဲ့အစည်းရဲ့ ပန်းတိုင်တွေနဲ့ ဦးစားပေးချက်တွေက တကူးတက ရှုပ်ပွနေပြီး အချိန်လည်းစားတယ်။ ထိုပန်းတိုင်တွေ အားထုတ်ရယူတဲ့ အခါတိုင်း အရာရှိတွေကို ယင်းတို့ကို အကောင်အထည်ဖော်ဖို့ အာဏာ ပိုင်မှုပေးအပ်ထားဖို့လိုတယ်။

အမေရိကမှာ ဒီအာဏာပိုင်မှု လစ်ဟာနေကွက်ဆိက ဒုက္ခခံစားနေ ရတယ်။ ပြည်သူ့အရာရှိတွေမှာ ဒီလိုပါဝါမျိုးတွေက တစ်ပုံကြီးရှိပါ တယ်။ ဒါပေမဲ့ ကျယ်ပြန့်စွာနဲ့ မကောင်းမြင်နေကြတယ်။

အရေးပါတဲ့ ပြည်သူ့ရွေးချယ်မှုတွေအတွက် စစ်ဆေးရေးတွေနဲ့ ချိန်ဆပေးမှုတွေ မဖြစ်မနေ ပြင်ဆင်ပေးထားရမယ်။ ဒါပေမဲ့ အရာရှိတွေ

mgyoe.com

mgyoe.com


ရဲ့ ဆုံးဖြတ်ချက်မှာ စီရင်ဆုံးဖြတ်ချက်တွေ ပြန်လည်စုစည်းယူတာက 'လူ့တာဝန်ယူမှုမှာ အမြစ်တွယ်နေတဲ့ အစိုးရစနစ်တစ်ရပ်' ကို ယုံကြည်စိတ်ချထားဖို့ လိုအပ်ပါတယ်။

ခြားနားကြတဲ့လူအမျိုးမျိုးက ခြားနားတဲ့နည်းလမ်းများစွာထဲမှာ ပြည်သူ့ပန်းတိုင်တွေကို တွေ့ဆုံပါလိမ့်မယ်။

'အဲလက်ဇန်းဒါးဟယ်လမင်တန်' လေ့လာတွေ့ရှိခဲ့တာကတော့ ခုလိုသဘောပါပဲ။ 'အစိုးရတစ်ရပ် သီဝရီအရ ဘာတွေပဲဖြစ်နိုင်ဖြစ်နိုင်၊ ဆိုးဆိုးဝါးဝါးတော့ အမှုဆောင်ရတာပဲ၊ လက်တွေ့မှာ အစိုးရဆိုး တစ်ခုတော့ ဖြစ်သွားရမှာပါပဲ"

အစိုးရက ကြိုတင်မမြင်သာတဲ့ဖြစ်ရပ်တွေကို မိုင်ငြိမ်းပြုနိုင်စွမ်းရှိရမယ်။ ကျွန်တော်တို့ရဲ့ အပေါ်ထပ်အဆောက်အအုံတွေ ပြန်တည်ဆောက်ရမယ်။ ဒီအရာတွေမှာ လွတ်လပ်တဲ့ဈေးကွက်တွေနဲ့ လူမှုရေး အပြန်အလှန် လုပ်ရပ်တွေကို မြှင့်တင်သွားရမယ်။ ပူးတွဲလုပ်ရပ်တွေမှာ စော်ကားမခံရရေးကို စောင့်ကြပ်ကြီးကြပ်သွားရမှာပါ။ ဒါကို ထောက်ခံရပြီး မရှုတ်ချရဘူး။ အမေရိကန်ကျော်ကြားနေတာဟာ ဒီတန်ဖိုးတွေကြောင့်ပါပဲ။ လက်တွေ့ကျတဲ့ စိတ်ဓာတ်ဘောင်ကားချပ်နဲ့ တီထွင်မှု၊ အရဲစွန့်ခံနိုင်မှုတွေရှိခြင်းပါပဲ။

ပြည်သူ့ရွေးချယ်ချက်တွေလုပ်ဖို့ အမေရိကမှာ နည်းလမ်းအသစ်တစ်ခုလိုတယ်။ "ပေါ်လစီပြဿနာတွေက သူတို့ပတ်လည်က ဥပဒေတွေနဲ့ စည်းမျဉ်းတစ်ခုတည်ဆောက်ဖို့ ကျွန်ုပ်တို့ရဲ့ အားထုတ်ချက်တွေထက် ပိုမြန်မြန်ပြောက်ပွားပွားနေတယ်" ဒီစကားပြောသူက နိုင်ငံရေးသိပ္ပံဆရာ 'ဒေါ်နယ်ကားဒ်' ပါ။ ဒီနေ့ အစိုးရကတော့ ဘတ်ဂျက်တစ်ခုလည်း မချိန်ဆနိုင်၊ စမ်းချောင်းပေါ်ဖြတ်ကျနေတဲ့ သစ်ပင်တစ်ပင်တောင် ဆွဲထုတ်မယူနိုင်ဘူး။

mgyoe.com

mgyoe.com



မနက်ဖြန်မှာ အားထုတ်ယူရမယ့် အမေရိကကတော့ ကျွန်တော်တို့ရဲ့ဘုံပန်းတိုင်ကို အကောင်အထည်ဖော်နိုင်မယ့် အစိုးရတစ်ရပ် လိုအပ်ပါတယ်။

ဥပဒေရဲ့ အစိုးရခြင်းဆီ ချဉ်းကပ်ချက်အသစ်တစ်ခုနဲ့ သွားဖို့ လိုပါတယ်။

-- ◆ --

mgyoe.com

mgyoe.com

## (၂)
## ဥပဒေရဲ့အုပ်စိုးမှု ပြန်စဉ်းစားကြည့်ခြင်း

ဒီနေရာမှာ ကျွန်တော့်ရဲ့အာရုံစိုက်မှုက ပြည်သူ့ရွေးချယ်မှုတွေအတွက် ဥပဒေက ဘယ်လိုပလက်ဖောင်းတစ်ခု ပြင်ဆင်ပေးနိုင်မလဲ ဆိုတာပါပဲ။ ဥပဒေက သမိုင်းရေးအရ အာရုံစိုက်ထားတာက ဆိုးဝါးတဲ့ ကြီးကြပ်လုပ်ဆောင်ချက်တွေ ကာဆီးဖို့နဲ့ လူတွေကို ရာဇဝတ်မှုတွေ၊ လိမ်လည်မှုတွေနဲ့ ဥပဒေမဲ့အရာရှိဆိုးတွေဆီက ကာကွယ်ပေးဖို့ပဲဖြစ်တယ်။

ဥပဒေရဲ့အစိုးရခြင်းမှာ ပင်မတန်ဖိုးနှစ်ရပ်ကို ပွေ့ဖက်ထားတယ်။ ရှောင်တခင် နိုင်ငံတော်ရဲ့လုပ်ရပ်တွေက ကာကွယ်သွားဖို့နဲ့ ဥပဒေစံထားချက်တွေကို နိမိတ်ဖတ်နိုင်စွမ်းရှိမှုတို့ပါပဲ။

ကျွန်တော်တို့ရဲ့ တည်ထောင်ခဲ့သူကတော့ လူကမအုပ်ချုပ်ဘဲ ဥပဒေကအုပ်စိုးတဲ့ အစိုးရမျိုးကို အာရုံဝင်စားခဲ့ကြတယ်။ ဥပမာ ခိုးမှု၊ လုယက်လိမ်လည်မှုတွေက ကာကွယ်ပေးဖို့နဲ့ လူတွေနဲ့ ဈေးကွက်တွေကို မလျော်ကန်တဲ့ ကြောက်ရွံ့မှုတွေမပါဘဲ အပြန်အလှန်လုပ်ရပ်တွေ လွတ်လွတ်လပ်လပ်လုပ်ခွင့်ပေးဖို့ပါပဲ။ ဆောင်ကားချပ် လုပ်ငန်းတစ်ခုအနေနဲ့

mgyoe.com

mgyoe.com



ဥပဒေရဲ့အောင်မြင်မှုက လွတ်လပ်တဲ့ လူ့အဖွဲ့အစည်းအတွက် ဒါကို လူတွေဘယ်လိုတုံ့ပြန်သလဲနဲ့ တစ်စိတ်တစ်ပိုင်း ဆုံးဖြတ်စီရင်နိုင်ရလိမ့်မယ်။ လူတွေက သူတို့ရဲ့နေ့စဉ် အပြန်အလှန်လုပ်ရပ်တွေထဲမှာ လွတ်လွတ်လပ်လပ် ခံစားနိုင်ကြလို့လား။

ဒီမိုကရေစီထဲက ဥပဒေကတော့ အစိုးရအတွက် ဘောင်ကားချပ်တွေ ဖွဲ့စည်းပေးတယ်။ ပြည်သူ့ပန်းတိုင်တွေနဲ့ ဦးစားပေးချက်တွေ ချပေးတယ်။ အဲဒီအခန်းကဏ္ဍက တစ်ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်တွေမြင့်တက်လာမှုနဲ့ အဖွဲ့အစည်းတွေ အသွင်ပြောင်းလဲမှုနဲ့ဆိုင်တယ်။ အစိုးရအပေါ် တာဝန်ယူမှုတွေ လိုအပ်စေပြီး လူမှုရေးလုပ်ရပ်တွေအားလုံး ကျောင်းတွေ၊ ဈေးကွက်တွေ၊ စက်ရုံတွေ၊ ဆေးရုံတွေ၊ ကစားကွင်းတွေပါမကျန် အဆင့်အတန်းတွေ အနည်းဆုံးလောက်တော့ ချမှတ်ထားတယ်။

ဥပဒေရဲ့ အခန်းကဏ္ဍကတော့ ကာကွယ်ရေးမှာရှိနေဆဲပါပဲ။စော်ကားမှုတွေက စောင့်ကြပ်ပေးဖို့နဲ့ ကျိုးကြောင်းမလျော်ကန်တဲ့ အရာရှိဆိုးတွေရန်က ကာကွယ်ပေးဖို့ပါပဲ။

အရာရာက ရှုပ်ထွေးလွန်းပါတယ်။ အလုပ်ခွင်က ဥပဒေတွေ၊ စာသင်ခန်းထဲက မှန်ကန်မှုတွေ၊ အစိုးရရဲ့စက်ယန္တရားတွေပါပဲ။ လူတွေကျွန်တော်တို့ ချစ်မြတ်နိုးတဲ့လူတွေက ကျောင်းတွေ အထိန်းဂေဟာတွေ၊ သူနာပြုစခန်းတွေက သူစိမ်းတစ်ရံဆံတွေရဲ့ လက်ထဲမှာ အပ်နှံခံနေရတယ်။ အလားတူစွာပဲ လမ်းပေါ်မှာ ကင်းလှည့်နေကြတဲ့ ရဲတွေကလည်း စော်ကားခံရမှုက စောင့်ကြပ်ပေးရတဲ့လူတွေရဲ့ လိုအပ်ချက်ကို ဖြည့်ပေးနေသလိုရှိတယ်။

ဥပဒေက သိပ္ပံနည်းကျ စီမံခန့်ခွဲရေးရဲ့ ပုံစံတစ်ရပ်ဖြစ်လာနေတယ်။ ပြည်သူ့ရွေးချယ်မှုတွေကို ဥပဒေ ဘောင်ဝင်စီတန်းမှု လိုင်းတစ်လိုင်းပေါ်မှာ ချထားတာဖြစ်တယ်။

mgyoe.com

mgyoe.com


လုပ်ငန်းတစ်ခု ပိတ်ပင်ခြင်းက သူနာပြုဂေဟာကို ဌာနေလူရဲ့စံအိမ်ထက် ပိုဂရုစိုက်ပေးဖို့ ပြောရခြင်းထက် ခြားနားနေပါတယ်။ ဆိပ်ကမ်းအာဏာပိုင်ကိုလည်း တံတားတစ်စင်း ပြင်ဆောက်ဖို့ဆုံးဖြတ်ရမှာထက်လည်း ခြားနားနေပါတယ်။

ဥပဒေသသနဆရာ 'ဂျိုးဇက်ရပ်ဇ်' က ပညာရှိတဲ့ ဥပဒေပေါ်လစီတစ်ခုလုံးပေါ်မှာ ဖြစ်နိုင်သမျှ များများဥပဒေတွေ သုံးဖို့ဆိုရင် လူ့အပြုအမူလုပ်ထုံးလုပ်နည်းအတွက် ဖြစ်စေရမယ်' လို့ ဆိုခဲ့တယ်။

ကွန်ဆာဗေးတစ်ကျောင်းတော်သား 'တွမ်ကမ့်ဘဲ' ကလည်း 'ဦးနှောက်ငြိမ်းချမ်းရေးကို အထူးသဖြင့် ရှုပ်ထွေးတဲ့လူ့အဖွဲ့အစည်းထဲမှာ မြှင့်တင်ရာမှာ တိကျတဲ့ဥပဒေတွေကို ကျယ်ပြန့်စွာ တညီတညာတည်းလိုက်နာရှင်းလင်းစေခြင်းအားဖြင့် ဖြစ်နိုင်တယ်' လို့ဆိုတယ်။

လုပ်ထုံးလုပ်နည်းဒသနက ခွဲခြမ်းစိတ်ဖြာဆန်းစစ်ထားတဲ့ ပြည့်ဝမှုကို နှိုးဆွပေးတယ်။ လုပ်ထုံးလုပ်နည်းက လုပ်ရပ်အဆိုးကို တားဆီးပိတ်ပင်ရုံသာမဟုတ်ဘဲ မှန်ကန်သင့်လျော်တဲ့ အပြုအမူအတွက် ညွှန်ချက်လက်စွဲတွေလည်း ပြင်ဆင်ပေးပါလိမ့်မယ်။

## ဆန်းစစ်ထားတဲ့ ပြည့်ဝမှုကို ဖိနှိပ်ခြင်း

လူမှုရေးသူနာပြုဂေဟာ သက်ကြီးလူအိုရုံတစ်ခုအကြောင်း စဉ်းစားကြည့်ပါ။ ပျမ်းမျှခြင်း အသက် ၈၀ ကျော်တွေ ထားရှိတဲ့ လူအိုရုံမှာ တစ်ဝက်ကျော်ကျော်က ဖြစ်နေကျ သတိမေ့တတ်တဲ့ အယ်ဇိုင်းမားရောဂါသည်တွေ ဖြစ်နေတယ်။ အမေရိကန်မှာ အဲဒီမှာ လူအိုရုံပေါင်း ၁၆၀၀၀ ရှိရာမှာ နားခိုကြသူပေါင်း ၁.၅ သန်းရှိပါတယ်။ လူအိုရုံတွေက တာဝန်ယူမှု၊ လုံခြုံမှု၊ ဂရုစိုက်ပေးရတဲ့ ဂေဟာမို့ အရေးပါလှတဲ့ လူမှုရေးပန်းတိုင်သာ ဖြစ်တယ်။

mgyoe.com

mgyoe.com


ကင်းဆပ်စီးတီးက လူ့အိုရုံက အချက်အလက်တွေတစ်ခုလိုပါပဲ။

ဒီနေရာမှာ ဂရုစိုက်မှုဝေယျာဝစ္စတွေ လုပ်ပေးတာက တစ်ပတ်တာလုံးအတွက် ပျမ်းမျှ ၂.၀ နာရီသာ ရှိတယ်။

၂၄ နာရီ တစ်နေကုန်မှာ ၁.၈၅ နာရီတောင် မပြည့်ဘူး။ ဘယ်လုပ်ထုံးလုပ်နည်းမှ ကင်းဆပ်စီးတီးလူ့အိုရုံလို ရာပေါင်းများစွာလိုပဲ မိုက်မဲချက်တွေ ကမ်းကုန်နေတယ်။

ကင်းဆပ်စီးတီး သူနာပြုဂေဟာအတွက် ဥပဒေပေါင်း တစ်သောင်းကျော် ပိုလို့ရောက်လာတာ ကျွန်တော်တို့ကြုံနေရတယ်။ တစ်ခုချင်းက တည်ဆဲလိုအပ်ချက်တချို့ကို ရှင်းလင်းနေရတယ်။

၂၀၁၁ ခုနှစ်၊ ကိုလိုရာဒိုလူသားဝန်ဆောင်မှုဌာနက နေ့ဘက်ဂရုစိုက်မှု ပြုစုရေးစင်တာတွေအတွက် ဥပဒေအသစ်တွေ အဆိုပြုလိုက်တယ်။ အစိုးရက ဒီလိုစင်တာတွေကို ကြီးကြပ်ကြည့်ရှုလာတာက ကောင်းတဲ့ အယူအဆတစ်ခုပါပဲ။ သင်လည်း ကလေးသူငယ်တွေကို လေမဝင်တဲ့ မြေတိုက်ခန်းထဲမှာတော့ ပစ်ထားချင်မှာမဟုတ်ပါဘူး။

ဒါပေမဲ့ ဥပဒေအသစ်တွေက အရာရာနဲ့ ပတ်သက်လို့ ဘယ်လိုလုပ်ရမယ်ဆိုတာ တိတိကျကျ အလွတ်ရွတ်ဆိုလာလိမ့်မယ်။ အဆောက်အအုံတစ်ခုမှာ အခန်းတွေ ဘယ်လောက်များများ ကန့်ရမယ် (အနည်းဆုံးနှစ်ခန်း) တစ်ခန်းရဲ့ အနည်းဆုံးအမြင့် (အနည်းဆုံး ၁၀ ပေ)၊ အဆောက်အအုံနယ်ရဲ့ ဧရိယာအတွက် လိုအပ်ချက် ... စသဖြင့် အတိအကျ ချမှတ်ရတာဖြစ်တယ်။ ဂရုစိုက်မှုပေးရသူက သူ့ရဲ့လက်တွေကို ကြိုတင်ဆေးကြောထားရ (အစားအစာမစားမီ၊ ကလေးတွေရဲ့ နှာခေါင်းကို မကိုင်မီ) မယ်ဆိုတာနဲ့ အခြားသောအတန်းအစား ခုနစ်မျိုးလည်း ပါဝင်သေးတယ်။

လမ်းကြောင်းအသစ်တစ်ခုက အနီးစပ်ဆုံး လိုင်းပေါ်မှာ အရှယ်

mgyoe.com

mgyoe.com


ရောက်သူတွေဆွဲကြတဲ့ တာဝန်ရှိမှုတွေထက်စာရင် အပြုအမူလုပ်ရပ်ရဲ့ အတန်းအစားတစ်ခုလုံးကို သိမ်းကျုံးပိတ်ပင်ပစ်ရေးပဲ ဖြစ်တယ်။ ၂၀၁၃ ခုနှစ်က 'မေရီလန်း' ခရိုင်ကျောင်းတစ်ကျောင်းက ကလေးတွေ ပွေ့ဖက်ချီတာ၊ အိမ်မှာချက်လာတဲ့ အစာတွေ၊ ကလေးတွေ ဒန်းပေါ်တင်လွှဲတာတွေကို ပိတ်ပင်ထားပြီး မိဘနဲ့ဆရာတွေ ကွန်ဖရင့်တိုင်ခိုင်းတယ်။ ကျောင်းမြေပြင်ပေါ်မှာ မွေးနေ့ပါတီပွဲတွေ လုပ်ခိုင်းပါတယ်။

လုပ်ထုံးလုပ်နည်းသမားတွေက ဖြစ်လာနိုင်သမျှ အရာရာကို ကြိုးစားမှန်းဆထားပြီး လုပ်ထုံးလုပ်နည်းတွေ အကွက်စေ့အောင် ဆွဲကြတယ်။ ဒီလိုနဲ့ပဲ လုပ်ထုံးလုပ်နည်း ဥပဒေတွေက တောင်လိုပုံလာပါတော့တယ်။ ပိုများလေလေ၊ ပိုကောင်းလေလေပါပဲ။

လူ့အဖွဲ့အစည်းအတွင်း ဘယ်အပြုအမူမဆို အခြားသူတွေဆီ အကျိုးသက်ရောက်ဖို့ ဥပဒေတစ်ခုတော့ လိုနေပါတယ်။

ဥပဒေက ဦးစားပေးချက်နဲ့ လက်တွေ့ကျမှုတွေကို မေးစရာအခန်းမချန်ထားတဲ့ ပြည့်ဝမှုကို လှုံ့ဆော်ပေးတယ်။ ဆုံးဖြတ်ချက်ချတဲ့ လူ့အခြေခံတွေကို ဥပဒေက အောင်မြင်စွာ လျှော့ပေါ့စေတဲ့အတွက်ပဲ၊ 'လူက မအုပ်စိုးဘဲ ဥပဒေက အုပ်စိုးတဲ့အစိုးရတစ်ရပ်' ပေါ်လာရေးကို သူတို့က ယုံကြည်ကြတာပါပဲ။

ဖက်ဒရယ်အရာရှိတွေနဲ့ သူတို့ကို ဆက်ခံသူတွေဟာ ဖယ်ဒရယ် ဥပဒေတွေ လုပ်ထုံးလုပ်နည်းတွေအားလုံး စကားလုံးပေါင်း သန်း ၁၀၀ ရေးသားပေါင်းချုပ် ထားရတယ်။ ပြည်နယ်နဲ့ ဒေသဆိုင်ရာ လုပ်ထုံးလုပ်နည်းသမားတွေကလည်း ဥပဒေစကားလုံးပေါင်း ၂ ဘီလီယံကျော် တည်ဆောက်ထားတယ်။ ကျွန်တော်တို့ ဆွေးနွေးနေတဲ့ ဒီအခိုက်အတန့်မှာ သူတို့ရဲ့ဦးနှောက်တွေဟာ ဥပဒေက ဘာကြောင့်အုပ်စိုးရကြောင်း အကြောင်းရင်းတွေနဲ့ပဲ ပြည့်လျှံလာတဲ့အတွက် သေခြင်းမရဏာမျှနဲ့

mgyoe.com

mgyoe.com


ရွေးချယ်မှုကိုပဲ တိုးစိုက်နိုင်တော့တယ်။

'ရှင်းလင်းတဲ့ဥပဒေတွေက ဥပဒေမှာ ကြိုတင်နိမိတ်ဖတ်နိုင်စွမ်းကို အာမခံပေးတယ်။ ရှင်းလင်းတဲ့ဥပဒေတွေက ကြုံရာကျပန်းတွေ အုံကျင်း အားပြုနေချက်ကနေ ကာကွယ်ပေးတယ်။ ရှင်းလင်းတဲ့ဥပဒေက လွတ်မြောက်မှုအတွက် အခရာဖြစ်တယ်'။

ဥပဒေတွေ ပုံမှန်ဖြစ်ခြင်းအစား ထူထပ်လွန်းတဲ့ ကိုခဥပဒေတွေက ဥပဒေပျက်စီးခြင်း တောနက်အုပ်ကြီးတစ်ခုပါပဲ။

**ရှင်းပြချက်အယူအဆ (၃) တိကျတဲ့အလွတ်ရွတ်မှုနဲ့ လုပ်ထုံးတွေလုပ်တာက လူမှုရေးလုပ်ရပ်အများစုထဲမှာ ဥပဒေရဲ့ပန်းတိုင်ကို တိုက်စားပစ်နေတယ်။**

ဖက်ဒရယ်သမား နံပါတ် ၆၂ ရသူ 'ဂျိမ်းမက်ဒီစင်' က ဥပဒေတွေ သိပ်သည်းမှုကြီးနေကြောင်း သတိပေးစကားပြောခဲ့တယ်။

'ဥပဒေက လူတွေရနိုင်သမျှက နည်းနည်းလေးပါ။ လူတွေက သူတို့ ကိုယ်ပိုင်ရွေးချယ်မှုနဲ့ ဥပဒေတွေ လုပ်နေကြတယ်။ ဥပဒေတွေက ထူထပ်များပြားလွန်းရင် သူတို့မဖတ်နိုင်တော့ဘူး။ စေးစေးပိုင်ပိုင် မရှိတော့လို့ နားမလည်နိုင်ကြတော့ဘူး'

ခေတ်သစ်ဥပဒေတွေက နားမလည်လောက်အောင်ကို အသေးစိတ်ကျလွန်းနေတယ်။ သူနာပြုဂေဟာတွေဆိုတာ လူအစစ်တွေအတွက် ဂရုစိုက်ပေးဖို့ ကြိုးစားရင်း လူအစစ်တွေက ဦးဆောင်လုပ်နေကြတာဖြစ်တယ်။ လူသားစစ်စစ် တစ်ယောက်က ဥပဒေတွေ ရာနဲ့ထောင်နဲ့ချီပြီး မစုပ်ယူနိုင်ဘူး။ ဒီအစား 'လူတွေကို သူတို့ကိစ္စစီမံနိုင်ဖို့ ကူညီပေးတယ်'။

ဩစတြေးလျပါမောက္ခ 'ဂျွန်ဘရက်ဝိတ်' က US သူနာပြု ဂေဟာတွေမှာ ခုလိုတွေ့ရှိခဲ့တယ်။ တချို့အဆင့်အတန်းတွေဆို လုံးဝမေ့လျော့

mgyoe.com

mgyoe.com


နေကြပြီ။ မလိုတမာရန်လိုမှုနဲ့ (သို့) နိုင်ငံရေးလှုံ့ဆော် ဖမ်းဆီးမှုရဲ့ ဖိနှိပ်ခံထားရလို့ လုံးဝမေ့နေပြီ။

ဘဝအခြေအနေတွေက ဥပဒေတွေနဲ့ ဘယ်တော့မှ လုံးဝ အံဝင်တာမဟုတ်ဘူး။ နယူးဂျာစီကျောင်း၌ဒုနကြီးမှူးက ဖော်ပြရာမှာ 'ဥပဒေကောင်စီကြောင့် ကျွန်တော်ဆုံးဖြတ်ချက်တစ်ပုံကြီး ချရတယ်။ နေ့တိုင်း တစ်ယောက်ယောက်ဆီက ကျောင်းသား၊ မိဘ၊ ရုံးဝန်ထမ်းဆီက စိန်ခေါ်ချက်တွေ ကျွန်တော်တို့ဆီ ပိုပိုပြီးရောက်လာတယ်။ လူတိုင်းမှာ ရှေ့နေတစ်ယောက်စီ ရှိကြတာကိုး။ ဒါပေမဲ့ ဥပဒေမေးခွန်းတွေက ခေါင်းညိတ်ခေါင်းခါတဲ့ အဖြေတွေ မဟုတ်ကြပါဘူး။ ဒီတော့ ရလဒ်တစ်ခု အနေနဲ့ 'မတတ်နိုင်ဘူးဆိုတဲ့ ယဉ်ကျေးမှု' တစ်ရပ်နဲ့ တိုးရတော့တာပေါ့'

အစီအစဉ်ကစဉ့်ကရဲဖြစ်ရမှုတွေ မြင့်တက်လာမှုကို တုံ့ပြန်တဲ့အနေနဲ့ အပြုအမူတွေ ဇက်ခွံဖို့ ကျောင်းတွေကဥပဒေတွေ ပိုလုပ်လာတယ်။ 'သည်းခံမှုသုညဥပဒေ' တွေလည်း ပါလာတာပေါ့။ ဒီလိုနဲ့ ဘာမှအမှားမလုပ်တဲ့ ကျောင်းလည်း ပြစ်ဒဏ်ခံရတော့တယ်။ ဥပမာ အင်ဒီယာနာက ၇ တန်း ကျောင်းသူလေးတစ်ယောက်ကို ၂၀၁၀ ပြည့်နှစ်က တစ်ပတ်စာ ဒဏ်ပေးခဲ့တဲ့ကိစ္စက သူငယ်ချင်းတစ်ယောက်က လာပေးတဲ့ ဆေးပြားကို ယူမိတဲ့ကိစ္စပါပဲ။ သူမက ဒီဆေးပြားကို ချက်ချင်းပဲ ပေးသူထံပြန်ပေးလိုက်ပေမဲ့ ကျောင်းအုပ်က နည်းပညာအရ ဒီဆေးပြားကို သူမက စက္ကန့်အနည်းငယ်ကြာအောင် 'ပိုင်ဆိုင်သွား' လို့ သူ့မှာဒဏ်ပေးဖို့ကလွဲပြီး ရွေးစရာမရှိဘူးလို့ ပြောပါတယ်။

ဒီလိုဥပဒေရဲ့ အသေကိုင်ထားမှုက အမှားနဲ့အမှန်ခွဲဖို့ မသက်ဆိုင်တော့သလိုဖြစ်နေတယ်။ ဥပဒေက အစိုးရတယ်ဆိုတဲ့ ရပ်တည်ချက်အရ အသေးစိတ်ဥပဒေတွေက ကျွန်တော်တို့ကို ကမ္ဘာနှစ်ခုအနက် အဆိုးဆုံးကိုပဲ ပေးနေတယ်။ အခု ကျွန်တော် ဆွေးနွေးခဲ့သလိုပဲ ဥပဒေရဲ့ ကြိုတင်

mgyoe.com

mgyoe.com


နိမိတ်ဖတ်နိုင်စွမ်းကို တိုက်စားပစ်နေတာပါပဲ။ ပြည်သူတွေကို ကြိုးရာကျပန်း နိုင်ငံတော်ပါဝါထဲမှာ ဖြစ်ချင်ရာဖြစ်တော့လို့ လမ်းဖွင့်ချန်ထားရစ်တယ်။

**အသေးစိတ်ဥပဒေတွေက ကြိုးရာကျပန်းနဲ့ အားပြုချက်ကို မွေးစားတယ်**

နယူးယော့ခ်က စားသောက်ဆိုင်ပိုင်ရှင်တစ်ယောက်ဟာ ဒဏ်တပ်ခံရတယ်။ သူ့ဆိုင်က ဒိန်ခဲပြားခါးပတ်မှာ လိုအပ်တဲ့ ၄၁ ဒီဂရီစောင်းရမယ့်အစား ၄၅ ဒီဂရီ စောင်းနေတဲ့အတွက်ကြောင့်ပါပဲ။ ဒီအမှားက နေ့လယ်စာစားချိန်အတွင်း ဒိန်ခဲက ပိုပွပြီး မြန်မြန်အရည်ပျော်သွားနိုင်ပါတယ်။

'လမ်းအဆင့်က ဗျူရိုကရေစီ' စာအုပ်ရေးသူ 'မိုက်ကယ်လစ်ပ်စကီး' က ဥပဒေတွေက သိပ်ထူထပ်များပြားလှတာကြောင့် ပဋိပက္ခဝိရောဓိအနေနဲ့ သူတို့ကို အတင်းအားပြုရွေးချယ်မှု ရနိုင်တော့တယ်။

'တကယ်လို့ သင်သူနာပြုတစ်ယောက်ရရင် ကွင်းဆင်းအစီရင်ခံစာထဲမှာ သူနာပြုစွမ်းဆောင်ရည် ကျဆင်းတာ တွေ့ရလိမ့်မယ်။ ဆေးဆရာတစ်ယောက်ရခဲ့ရင်လည်း သူ့ရဲ့ဆေးပညာမှာ စွမ်းဆောင်ရည်ကျနေတာ တွေ့ရပြန်ဦးမယ်။ အီလီနွိုက်နယ် သူနာပြုဂေဟာ စစ်ဆေးသူက ပြောတဲ့ မှတ်ချက်စကားကိုပဲ ကြည့်ပါ။

"ကျွန်တော်တို့ ဒီဂေဟာတွေအားလုံးရဲ့ ၁၀% ပဲ ထပ်ကာထပ်ကာ စစ်ဆေးရုံနဲ့ လုံလောက်သွားတယ်။ အဖြေတစ်ခုတည်းပဲ ထွက်နေကျဖြစ်လို့ပါပဲ"

စိမ်ခန့်ခွဲမှု ပါရဂူကြီး 'ပီတာဒရပ်ကာ' က နိဂုံးချုပ်ပြောခဲ့တယ်။ အစိုးရမှာ ဆောက်လုပ်ရေးပေါက်ဖွားခဲ့တာ ရှိတယ်။ ဒါကို ပေါ်လစီတွေ၊ ဥပဒေတွေနဲ့ ဒီဇိုင်းဆင်ထားခဲ့တယ်။ ရလဒ်အနေနဲ့တော့ ငွေကြေးအရ၊

mgyoe.com

mgyoe.com


စိတ်ဓာတ်အရ လူမွဲခံရမှုပါပဲ”

ချက်သမ္မတ ‘ဗတ်ကလဗ်ဟာဗယ်’ ကလည်း အောက်ပါအတိုင်း ပြောခဲ့တယ်။

“ကမ္ဘာကြီးက ဖြေရှင်းဖို့ရာ ပဟေဠိမျှသာပဲလို့ မောက်မာတဲ့ ယုံကြည်မှုကို ခေတ်သစ်လူ့အဖွဲ့အစည်းက စွန့်လွှတ်ဖို့ ဆင့်ခေါ်လိုက်ပါတယ်။ ရှာတွေ့ဖို့ စောင့်နေတဲ့ သုံးဖို့လမ်းညွှန်ချက်တွေနဲ့ စက်ယန္တရားတစ်ခု၊ စကြဝဠာဆိုင်ရာ ဖြေရှင်းချက် အနေအမြန်ထွက်လာဖို့ မျှော်လင့်ရင်း ကွန်ပျူတာထဲ သွတ်သွင်းလိုက်တဲ့ သတင်းအချက်အလက်ကိုယ်ထည်ကြီးပဲ ဖြစ်ပါတယ်”

လူ့အဖွဲ့အစည်းက လိုတာက အစိုးရတစ်ရပ်မဟုတ်၊ သို့မဟုတ် သေးငယ်လွန်းတဲ့ အစိုးရတောင်မဟုတ်သေးဘူး။ ဒါပေမဲ့ ဒရပ်ကာရဲ့ အလိုအရ ‘ထိရောက်တဲ့အစိုးရ’ သာဖြစ်တယ်။

ခြွင်းချက်တစ်ခုပဲရှိတယ်။ လူသားတစ်ယောက်က ဥပဒေကို ဥပေက္ခာပြု လျစ်လျူရှုဖို့ ဆုံးဖြတ်တဲ့အချိန်ပါပဲ။

ဥပဒေရဲ့ အသေကိုင်ထားခြင်းက အကြောင်းရင်းနှစ်ခုကြောင့် တစ်စုံတစ်ရာ ကျဆုံးလုနီးပါး ဖြစ်ရတာပါပဲ။ ပထမက လူ့လက်ဝယ်မှာ အသေးစိတ်ဥပဒေတွေကို ပြည်သူ့ပန်းတိုင်တွေနဲ့ ပင်ချင်းဆက်ကူးဖို့ပဲ ဖြစ်တယ်။

## ဗျူရိုကရက်တစ်မက်ထရစ်က လူတွေကို ရှုးမိုက်တဲ့အစေခံလို ပြုမူစေတယ်

သီးခြားဥပဒေတွေက အားပြုဝန်းဝိုင်းရေးအတွက် ရှင်းလင်းတဲ့ မက်ထရစ်တွေ ပြင်ဆင်ပေးတယ်။ တစ်ခါတစ်ရံ မက်ထရစ်တွေက လောင်စာစွမ်းဆောင်ရည်လို၊ ပတ်ဝန်းကျင်ရေးရာ အကန့်အသတ်တွေ

mgyoe.com

mgyoe.com


လို အဆုံးသတ်ပန်းတိုင်လည်း ဖြစ်နေတတ်တယ်။ ဒါပေမဲ့ အသေးစိတ် ဥပဒေတွေက လူတွေကို ပြည်သူ့ရည်ရွယ်ချက်တွေ တိုက်စားပစ်တဲ့ နည်းလမ်းနဲ့ ပြုမူလာစေတတ်တယ်။

လူ့အပြုအမူတွေအတွင်းက မက်ထရစ်က သူနာပြုဂေဟာတစ်ခု မှာဆိုရင် ညနေထမင်းစားချိန်က မနက်စာစားချိန်ထိကြားမှာ ၁၄ နာရီ ထက် ပိုမကြာစေဘဲ လုပ်ဖို့လိုအပ်တာက လက်ခုပ်တီးပေးလောက်တဲ့ လမ်းညွှန်ချက်တွေ ယေဘုယျအားဖြင့် ဖြစ်နေတတ်တယ်။

ကြားကျတဲ့ပန်းတိုင်တွေလို့ ဆိုနိုင်တဲ့ ဥပဒေတွေ၊ မက်ထရစ်တွေ က လူတွေကို သူတို့အလုပ်တွေ သေချာလုပ်ဖို့ ရည်ရွယ်တဲ့အတွက် သူတို့ဟာ သူတို့ပဲ အဆုံးသတ်ပန်းတိုင်တွေ ဖြစ်လာပါတယ်။

'နောက်ဘက်မှာ ကလေးချန်မထားရ' (No Child left Behind) ဥပဒေ (NCLB)ကွန်ဂရက်က ကျောင်းတွေကို ကြာပွတ်နှက်ပုံသွင်းပြီး မက်ထရစ် (တိုင်းထွာချက်စနစ်) တွေ စစ်ဆေးရာမှာ ပြစ်ဒဏ်ပေးရမယ် လို့ စဉ်းစားတယ်။ ဆရာများသမဂ္ဂရဲ့ ခေါင်းဆောင် 'ရန်ဒီဝိန်းဂါတန်' က ပညာရေးပါရဂူတွေနဲ့ ပူးပေါင်းပြီး ထင်ရှားတဲ့ ကွန်ဆာဗေးတစ်တွေ အပါအဝင် ဥပဒေရဲ့သေလောက်အောင် မှားယွင်းနေမှုကို ထောက်ပြ တယ်။ "NCLBဥပဒေသတ်မှတ်ချက်က ဥပဒေရဲ့ မွန်မြတ်တဲ့ ရည်ရွယ် ချက်ကို ဖျက်ဆီးပစ်နေတယ်။ ကျောင်းတွေက အားထုတ်မှုတွေ၊ တီထွင် မှုတွေ လုပ်ရမယ့်အစား တစ်သဝေမတိမ်း လိုက်နာရေးအပေါ်မှာပဲ အာရုံ စိုက်နေရတယ်'

ဒဿနနဲ့သိပ္ပံဆရာ 'မိုက်ကယ်ပိုလန်ယီ' က "Personal Knowledge" ဆိုတဲ့ ကျမ်းကိုရေးပြီး လူသားရဲ့ပြီးမြောက်မှုအကြောင်း လေ့လာ တယ်။ လူသားမှာမှတ်မိစွဲငြိမှုမှာ အကန့်အသတ်တွေ ရှိတယ်လို့ဆို တယ်။ တစ်ချိန်မှာ အရာတစ်ခုတည်းကိုပဲ သူတို့ အာရုံစူးစိုက်နိုင်တယ်။

mgyoe.com

mgyoe.com


Aပေါ်မှာ အာရုံစိုက်နေရင် Bအပေါ် မမြင်နိုင်တော့ဘူး။ ဒါကို 'ပိုလန်ယီ' က 'သွယ်ဝိုက်နားလည်စေတဲ့ ဗဟုသုတ' လို့ ခေါ်တွင်တယ်။ လုပ်ပုံကိုင်ပုံနည်းတွေ ဧရာမသိုလှောင်ထားတဲ့ ကျွန်တော်တို့ရဲ့ မသိစိတ်ထဲ ကိန်းဝပ်နေချက်တွေပဲ ဖြစ်ပါတယ်။ ဥပဒေတွေ အများစုက နည်းပညာကျနေကြတဲ့အတွက် ကျယ်ကျယ်ပြန့်ပြန့် ပျံ့နှံ့ဖို့ မတတ်နိုင်ဘူး။ သိစိတ်အားထုတ်မှုက တညီတညာတည်း လိုက်ပါမှုလိုအပ်နေလို့ စိတ်တံခါးကိုပိတ်ပြီး မသိစိတ်ဗဟုသုတထဲ ပို့လိုက်တယ်။ လူတွေက ဥပဒေစာအုပ်တွေ နှံ့နှံ့စပ်စပ်ဖြစ်ရေးအတွက် ဦးနှောက်တတ်စွမ်းနိုင်ရည်တွေ ပိုညှစ်ထုတ်ဖို့လိုတယ်။

သုံးမိုင်ကျွန်းစုက နျူကလီးယားဓာတ်ပေါင်းဖိုကြီး ပျော်ကျယိုထွက်မှုကို စုံစမ်းစစ်ဆေးကြတဲ့အခါ 'ကင်မီနီ' ကော်မရှင်က 'ကိရိယာအသေးလေးတွေ ကျဆုံးမှုတွေ ပေါင်းစပ်ရင်း တုံ့ပြန်ချက်' အနေနဲ့ ဒီလိုရလဒ်တွေ ထွက်လာရကြောင်း နိဂုံးချုပ်ခဲ့တယ်။ ကော်မရှင်က ဥပဒေတွေ များလွန်းတာက အန္တရာယ်ကြီးစေကြောင်း တွေ့ရှိခဲ့တယ်။ လုပ်ထုံးလုပ်နည်းတွေက ထူထပ်ပေါများလွန်းတာကြောင့် လုပ်ထုံးတွေနေရာမှာ ရှုပ်ထွေးမှုပဲ ဝင်လာတယ်။ သူတို့က နျူကလီးယား လုံခြုံရေးမှာ အဆိုးမြင်အခန်းကဏ္ဍနဲ့ အမှုထမ်းပါတယ်။

၂၀၁၂ ခုနှစ်က အက်ဆေးတစ်ပုဒ်မှာ နယူးယောခ်တိုင်းစ် ပင်တိုင်ဆောင်းပါးရှင် 'နီကိုးလပ်ခရစ်တော့စ်' က 'အက်ပ်လာချီးရာ' က ကျောင်းသားမိဘတွေအကြောင်း ရေးခဲ့တယ်။ မစွမ်းနိုင်မှုအစီအစဉ်မှာ နောက်ဆက်တွဲငွေကြေးပေးချေမှုလုပ်ဖို့ ကိုယ့်ကလေးတွေ စာမဖတ်နိုင်တိုင်း မိဘတွေ ဒဏ်ကြေးပေးဆောင်ကြရတဲ့ အဖြစ်ပါပဲ။

ကြားကျတဲ့ပန်းတိုင်တွေက ပြည်သူတွေလိုပဲ ပုဂ္ဂလိကတွေ အဖွဲ့အစည်းတွေမှာလည်း ကြားအကူးအပြောင်းကာလမှာ အန္တရာယ်တွေ

mgyoe.com

mgyoe.com



ရှိနေတယ်။

အသေးစိတ်ဥပဒေတွေရဲ့ ရှုထောင့်က လုပ်ထုံးဆိုင်ရာရည်ရွယ်ချက်အတွက်နဲ့ လွတ်မြောက်မှုအတွက်ပါ အဖျက်သဘောအများဆုံးဖြစ်နေတယ်။ ကြိုတင်နိမိတ်ဖတ်နိုင်စွမ်းမရှိမှု၊ ကြုံရာကျသလို လုပ်ရမှုပန်းတိုင်တွေ ရွှေ့စောင်းမှုတွေထက်တောင် ပိုဆိုးသေးတယ်။ အသေကိုင်တွယ်၊ အလွတ်ရွတ်မှုတွေက လူတွေကို ဘဝအစစ်ရဲ့ရှုပ်ထွေးတဲ့ အခြေအနေတွေ ကန့်သတ်မဲ့ရတာနဲ့အတူ ပတ်သက်နေရခြင်းက တားဆီးနေတယ်။

## ဥပဒေတွေ ရှုပ်ထွေးမှုက ဆိုးဝါးတဲ့ရွေးချယ်မှုတွေပဲ လိုက်နာမိစေတယ်

တိကျတဲ့ ဥပဒေတွေက မိုင်ငြမ်းပြုခွင့်မပေးပါဘူး။ သူတို့ရဲ့ ဦးတည်ချက် က အမျိုးမျိုးကွဲပြားမှုကို ရှောင်ဖို့ပါပဲ။ လူတိုင်းလူတိုင်းရဲ့ တညီတညာတည်း တန်းတူပဲရယ်လို့ ဇလုတ်ညှိထားတယ်။ ဒါက ဆွဲဆောင်ချက်တစ်ခုပါပဲ။ ဥပဒေက အမှန်တကယ် အုပ်စိုးနေတဲ့သဘောပါ။

ဒါပေမဲ့ ဗျူရိုကရက်တစ် ညီညွတ်လိုက်နာမှုက ဈေးနှုန်းမြင့်လာတဲ့အတွက် ဘယ်သူမှ ပြဿနာလက်ဝယ်ကိုင်ပြီး မပတ်သက်ချင်ကြတော့ဘူး။ သူတို့က အေးခဲနေတဲ့ ဆုံးဖြတ်ချက်တွေပါပဲ။ ဒီဝေါဟာရကို အဖွဲ့အစည်းရေးရာ သဘောတရားဆရာကြီး 'ဟား ဘတ်ဆိုင်မွန်' က ပေးတာပါ။ သူတို့မှာ လွတ်မြောက်မှုတွေ အေးခဲသွားရာမှာ အခြေအနေအသစ်တွေကို တုံ့ပြန်တဲ့အကွက်ပေါ်မှာ အရာရှိတွေရဲ့လွတ်မြောက်မှုတွေပါ ပါသွားရပါတယ်။

ပတ်ဝန်းကျင်ရေးရာ လေ့လာသုံးသပ်ချက်တွေက သိပ်အေးခဲသွားတာမို့ နိုင်ငံရေးခေါင်းဆောင်တွေမှာ ပြည်သူ့လုပ်ငန်းတွေ မြှင့်တင်ဖို့အတွက် မက်လုံးတစ်ခုတလေတောင် ရှေ့ဆက်မပေးနိုင်တော့ပါဘူး။

mgyoe.com

mgyoe.com



အသေကိုင်တွယ်တဲ့ ဥပဒေရဲ့အမှားက ဥပဒေရှုပ်ထွေး ပွေလီမ်မှုကြောင့် ဧရာမချဲ့ထွင်ခံလိုက်ရပြီး သိစိတ်အရ အများဆုံးမရည်ရွယ်တဲ့ အပြန်အလှန်ဆက်သွယ်မှု ပင့်ကူမျှင်တစ်ခုထဲမှာ ဖန်တီးနေရပါတယ်။ အလွန်အကျွံရှုပ်ထွေးတဲ့ စက်ယန္တရားတစ်ခုနဲ့တူစွာ အစိတ်အပိုင်း သေးသေးလေးတွေရဲ့ ကျဆုံးမှုက တစ်ခုလုံး ရပ်ဆိုင်းသွားစေတော့တယ်။

လူသားရဲ့ ကူးလူးဆက်သွယ်ရေးကို တားမြစ်ကန့်သတ်နေတဲ့ ဥပဒေတွေက၊ ပုဂ္ဂလိကအတွက်ပဲ ဆိုရရင် သိပ်ရှုပ်ထွေးလွန်းတာမို့ အမှားနဲ့အမှန်ကို သတိထားနိုင်တဲ့ ဖြတ်ထိုးဉာဏ်ကနေ ကွာရှင်းပြတ်စဲသွားရပါတော့တယ်။

၉/၁၁ ကမ္ဘာ့ကုန်သွယ်ရေးမျှော်စင်ညီနောင်နဲ့ ပင်တဂွန် စစ်ဌာနချုပ်တို့ကို မွတ်စလင်အစွန်းရောက် ဘင်လာဒင်ရဲ့တပည့်တွေ လေယာဉ်နှစ်စင်းနဲ့ ဝင်ရောက်တိုက်ခိုက်မှု ဖြစ်ပွားစဉ်က F.B.I က ၂၀၀၁ ခုနှစ် နွေရာသီကတည်းက ဝင်တိုက်ခိုက်ဖွယ်ရှိတဲ့ သတင်းတွေ ကြိုရထားပြီး ဖြစ်ပါတယ်။ သံသယဖြစ်ဖွယ် အကြမ်းဖက်သမား 'ခါလစ်အယ်မီဒဟာ' တစ်ယောက် အမေရိကန်ပြည်ထဲ ၂၀၀၁ ခုနှစ် ဇူလိုင်လ ကတည်းက ရောက်နေကြောင်း သိခဲ့ပြီးဖြစ်တယ်။ ခါလစ်သွားသမျှ လာသမျှတွေကိုလည်း ထောက်လှမ်းအေးဂျင့်တွေက အနံ့ရနေခဲ့တယ်။ ဒါပေမဲ့ FBI မှာ 'ထောက်လှမ်းရေးသတင်းတွေကို ဘယ်သူနဲ့မှ ဝေမျှအသိမပေးရဘူး ဆိုတဲ့ ဥပဒေတစ်ခုရှိပါတယ်။ သက်ဆိုင်ရာဌာနတွေတောင် အသိမပေးရဘူးဆိုတဲ့ ဥပဒေက နောက်ဆုံးတော့ အမေရိကန်ပြည်သူတွေကို ကာကွယ်ပေးရာမရောက်ဘဲ 'အိုစမာဘင်လာဒင်' ကို ကာကွယ်ပေးရာကျသွားတော့တယ်။ နောက်နှစ်ပတ်အကြာမှာပဲ 'ခါလစ်အယ်မီဒဟာ' လေယာဉ်နဲ့ ပင်တဂွန်စစ်ဌာနချုပ်ကို ဝင်တိုက်ခိုက်လို့ လူ ၁၂၅ ယောက် သေဆုံးသွားရတယ်။

mgyoe.com

mgyoe.com



လုပ်ထုံးလုပ်နည်းယာဉ်တွေ ပိုရှုပ်ထွေးလေလေ၊ တကယ့် ဘ၀ထဲမှာ ကြေမွပျက်စီးရမှုတွေ မရှေးမနှောင်း ပိုမြန်မြန်ကျရောက်လာလေလေပါပဲ။

ရှုပ်ထွေးမှုတွေနဲ့ မသိနိုင်တဲ့ တုံ့ပြန်အကြံပေးချက်တွေနဲ့ လုပ်ထုံးလုပ်နည်းရေးရာ ကိုင်းဖျားခုတ်ထွင်း ရှင်းလင်းရေးက တကယ်တော့ ၂၀၁၁ ခုနှစ်မှာ သမ္မတအိုဘားမားပြောတဲ့ 'တကယ့်အတတ ထုံထိုင်းမှုသက်သက်ပဲ' ဆိုတာ ရှင်းလင်းပေါ်လွင်လှပါတယ်။

အမေရိကန်လုပ်ထုံးလုပ်နည်းက ကျဆုံးဖို့ ဒီဇိုင်းဆင်ထားခြင်းဖြစ်နေတယ်။ အခြေအနေတွေက ထူးခြားပါလျက်နဲ့ ဥပဒေတွေက ကျစ်လျစ်တောင့်ခဲနေတာ အသေလိုပါပဲ။ အချိန်တွေကြာလေလေ၊ ကျဆုံးခြင်းတွေ မြင့်တက်လာတယ်။ မူလယုတ္တိဗေဒ တိုးတက်မှုက လူမှုရေးပြဿနာတစ်ခုထဲ သူ့ရဲ့ဆက်စပ်မှုတွေ ပျောက်ဆုံးသွားရတယ်။ ပီတာဒရပ်ကာ တွေ့ရှိရသလိုပဲ။ 'ကြိုးနီလေးတစ်ချောင်းသာ မနေ့က ဟာတွေ သပ်သပ်ရပ်ရပ်အထုပ်တွေနဲ့ ထုပ်ပိုးဖို့ အကောင်းပကတိ ကျန်နေရစ်တော့တယ်'။

**ရှင်းပြချက်အယူအဆ (၄)။ လူသားရဲ့ရွေးချယ်မှုကို ပြင်းပြင်းပြပြ အယုံအကြည် ကင်းမဲ့နေတာကတော့ ဒီမိုကရေစီဆန့်ကျင်ရေးပါပဲ**

ဒီမိုကရေစီဆိုတာ အာဏာပိုင်အရာရှိတွေက ဒါသုံးဖို့တားမြစ်ခံရခြင်းမရှိဘဲ သူတို့ရဲ့ဆုံးဖြတ်စီရင်ချက်တွေ သုံးတာဖြစ်တယ်။ 'သမ္မတနိုင်ငံ' ဆိုတဲ့ အယူအဆက ရွေးကောက်ခံ ကိုယ်စားလှယ်တွေက သူတို့ရဲ့ အကောင်းဆုံးစီရင်ချက်တွေအပေါ်မှာ ပြည်သူ့အမှု ထမ်းဆောင်ကြမယ် ဆိုတဲ့ ခံယူသိမြင်မှုမှာ ရေခံမြေခံစိုက်ပါတယ်။

ကျွန်တော်တို့ရဲ့ ရှေ့မှာ ထိုင်ရင်း ရှင်းလင်းတဲ့ရှုမြင်ချက်နဲ့

mgyoe.com

mgyoe.com


ဒီမိုကရေစီအတွက် ဘောင်ခတ်သူရဲ့ ရှုမြင်ချက်ကျဆုံးရခြင်းကိုသာ အာမခံပေးနေတယ်လို့ လျာထားရလိမ့်မယ်။ အရာရှိတွေက သူတို့ရဲ့ အကောင်းဆုံးစီရင်ချက်တွေအပေါ် ပြုမူခွင့်ရှေ့ဆက်မရှိတော့ဘူး။ ပြည်သူ့ကျဆုံးမှုတွေ ပတ်လည်ဝိုင်းလာတော့ အမေရိကန်တွေက ဒီစနစ်ကို မေးခွန်းစထုတ်လာမှာပဲလို့ သင်ထင်လိမ့်မယ်။

ပြည်သူ့ဆုံးဖြတ်ချက်ထဲမှာ လူရဲ့ရွေးချယ်မှုကို ရှောင်တာဟာ သီအိုရီသဘောလေးပဲ၊ ဘာသာရေးယုံကြည်မှု အမျိုးအစားတစ်ရပ်လည်း ဖြစ်တယ်။ ဒါက ပြည်သူ့ဆုံးဖြတ်ချက်တွေ စုစည်းဖို့ ကျန်တဲ့နည်းလမ်းနဲ့ သင်ယုံကြည်ရတာတွေဖြစ်လာတယ်။ လူ့ရွေးချယ်မှုက အန္တရာယ်များလာတယ်လို့ စဉ်းစားလာတယ်။

တစ်ဦးချင်းရဲ့ အခွင့်အရေးဆိုင်ရာ ခေတ်သစ်အယူအဆက တာဝန်ယူမှုနဲ့အတူ တစ်စုံတစ်ယောက်ကို စိန်ခေါ်နိုင်စွမ်းအားတွေ အခြေခံကျကျ ဖြစ်လာတယ်။ တစ်ဦးချင်းအခွင့်အရေးက ဘာကို ဆန့်ကျင်နေတာလဲလို့ မေးစရာရှိမယ်။ တာဝန်ယူမှုနဲ့အတူ လူတွေကချမှတ်တဲ့ ဆုံးဖြတ်ချက်တွေကို ဆန့်ကျင်နေတာပါပဲ။

လစ်ဘရယ်နဲ့ကွန်ဆာဗေးတစ်တွေက နှစ်ဖက်စလုံး အပြန်အလှန်သဘောတူချက်နဲ့ စွမ်းအားမဲ့တွေ လုပ်ကြတယ်။ မျက်လုံးတွေ စုံမှိတ်ရင်း လူ့ရွေးချယ်မှုတွေကနေ သန့်ရှင်းလှည်းကျင်းထားတဲ့ အစိုးရရဲ့ ယဇ်ပလ္လင်ထက်ဝယ် ဆုတောင်းနေတော့တယ်။ ဒီပလ္လင်ပေါ်မှာ ထိုင်နေတာက ပြည်သူ့ရွေးချယ်မှုအားလုံးကို ထုတ်လုပ်ပေးနေတဲ့ ဥပဒေစက်ယန္တရားဘီလူးကြီးပဲ ဖြစ်ပါတော့တယ်။ သူ့ရဲ့ ညွှန်ကြားချက်တွေကတော့ ကိုးရိုးကားရားပါပဲ။ ယင်းရဲ့ ဘာသာစကားက တုံ့ဆိုင်းဆိုင်းနဲ့ ယင်းအဓိပ္ပာယ်က လေးနက်မှုမှာ အမျိုးမျိုးခြားနားနေတယ်။ လိုက်နာဆောင်ရွက်မှုတွေက နှစ်နဲ့ချီပြီးကြာနေတာ ဘေယွန့်တံတားလိုပါပဲ။ ရလဒ်က ရှုးသွပ်

mgyoe.com

mgyoe.com



မိုက်မဲလှတယ်။ ကလေးတွေရဲ့ သံပရာရည် အရောင်းပိတ်လိုက်ရပြီပေါ့။ ဒါပေမဲ့ အနည်းဆုံး ဥပဒေရဲ့အုပ်စိုးခြင်းကိုပဲ ကျေးဇူးတင်ရမယ်။ ဘယ်အရာရှိမှတော့ သူ့ရဲ့ စီရင်ချက်ကို သုံးဖို့ရာ မလွတ်လပ်ကြပါဘူး။

ပင်တိုင်ဆောင်းပါးရှင် 'ဒေးဗစ်ဘရွတ်' က ၂၀၁၂ ခုနှစ်မှာ အကြံပေးခဲ့တာက အမေရိကန်တွေဟာ ရှေ့လျှောက် ဆုံးဖြတ်ချက်တွေလုပ်ဖို့ လူတွေကို လုပ်ပိုင်ခွင့်အာဏာ ပေးတော့မှာမဟုတ်တဲ့ အကြောင်းပါပဲ။

ဝေဖန်ဆရာတစ်ယောက်ရဲ့အပြောအရ၊ တစ်ဦးချင်း လွတ်မြောက်ခြင်းမှာ အပိုင်းနှစ်ပိုင်း ပါနေတယ်လို့ ဆိုတယ်။ 'အာဏာခြစားခြင်းကနေ စောင့်ကြပ်ဖို့' နဲ့ 'သင့်ကိုယ်ပိုင်ကိစ္စတွေ လုပ်ပိုင်ခွင့်ကို ထိန်းထားဖို့' တွေပဲ ဖြစ်ပါတယ်။

သံတမန် 'ဂျော့ကင်နန်' က တစ်ဦးချင်းရဲ့စီရင်ချက်တွေ အားလုံးကို ဆန့်ကျင်တဲ့ ကာကွယ်ပေးချက်အားလုံးကတော့ အစိုးရက သူ့အလုပ်ကို မလုပ်နိုင်တော့တာပဲလို့ ဆိုလိုသတဲ့။

"တစ်ဦးချင်းစီက ပျံသန်းလာရင်း၊ တစ်ဦးချင်းထိုးထွင်းသိမှုနဲ့ စီရင်ချက်တွေနေရာမှာ အစားထိုးဖို့ စက်ယန္တရားဖန်တီးခြင်းထဲ ရုန်းကန်ပြီး လုပ်အားအငွေ့ပျံ့မှုစွမ်းအားနဲ့ အစိုးရထံပေးအပ်လိုက်တဲ့ ကိရိယာတွေကတော့ မပျော့ပျောင်းမှု၊ မရွေ့မလျားမှုနဲ့ နှေးကွေးမှုတို့ပါပဲ။

ဒါဖြင့် ဖြေရှင်းချက်က ဘာလဲ။

ကျွန်တော်တို့ဟာ ဥပဒေရဲ့အုပ်စိုးခြင်းကို သေးသိမ်သွားစေမယ့် လူရွေးချယ်မှုတွေပေါ် ယုံကြည်နေတာကို စွန့်လွှတ်ကြရမယ်။ ယင်းအစား ပွေ့ဖက်ရမှာက လူ့ရွေးချယ်မှုရဲ့ စုစည်းထားတဲ့ စည်းမျဉ်းလိုပဲ လူ့တာဝန်ယူမှုကို ပွေ့ဖက်ဖို့ပါပဲ။

ဆိုးဝါးတဲ့စီရင်ချက်တွေ၊ ဆန့်ကျင်ကာကွယ်သွားဖို့က ဦးနှောက်မပါတဲ့ ဗျူရိုကရေစီနဲ့မဟုတ်ဘဲ၊ ကောင်းမြတ်တဲ့ စီရင်ချက်နဲ့သာ ဖြစ်ပါ

mgyoe.com

mgyoe.com



တယ်။ စိစစ်ရေး၊ ချိန်ဆရေးတွေ ဖန်တီးရင်း လူတွေကို တာဝန်ယူမှုတွေကို စောင့်ကြပ်ကြည့်ရှုပေးရမယ်။

-- ◆ --

mgyoe.com

mgyoe.com

(၃)

## ပုဂ္ဂိုလ်ရေး တာဝန်ယူမှုဖြင့် လုပ်ထုံးပြုခြင်း

၁၉၈၈ ခုနှစ်မှာ သူနာပြုဂေဟာတွေ စော်ကားခံရမှုကို ပါလီမန်ပေါင်း မြောက်မြားစွာက စုံစမ်းရေးဝင်ပါတော့တယ်။ ဩစတြေးလျက သူနာပြုဂေဟာတွေရဲ့ လုပ်ထုံးလုပ်နည်းတွေ တစ်ခုလုံးကို စစ်ဆေးကြည့်ပြီး ပြင်ဆင်တယ်။

ဩစတြေးလျက သူနာပြုဂေဟာရဲ့ အားပြုအားထားရာတွေကို အသွင်ပြောင်းလဲလိုက်တယ်။ တိုင်းထွာချက် ခက်ခက်တွေ မလုပ်ပါဘူး။ ဒီအစား သူနာပြုဂေဟာတွေကို တစ်ခုခုအမှားတွေ့တာနဲ့ ဒဏ်ကြေးပေးဆောင်စေတယ်။ စိတ်ဝင်စားတဲ့ပါတီတွေ မိသားစုတွေ အပါအဝင် စားသုံးသူရဲ့ရှေ့နေတွေ၊ သူနာပြုတွေနဲ့အတူ အစည်းအဝေးထိုင်ပြီး ကိစ္စတွေ ဘယ်လိုတိုးတက်အောင် လုပ်ရမလဲလို့ ဆွေးနွေးကြတယ်။

ချဉ်းကပ်ချက်အတွင်း ရွေ့ပြောင်းသွားချက်ကတော့ လုပ်ထုံးပါရဂူတွေနဲ့ ဖြန့်ကြက်သုံးသပ်ကြရာမှာ ဩစတြေးလျပါမောက္ခ 'ဂျွန်' နဲ့ 'ဗယ်လာရီဘရိုက်ဝိတ်' တို့ အပါအဝင် သံသယထားကြတာက ရုပ်ဝတ္ထုပြင်ဆင်ချက်သုံးခု ထွက်လာတယ်။ 'မိဘဝတ္တရားကျေပွန်မှု' ကို

mgyoe.com

mgyoe.com



ပိုခက်တာတွေရဲ့နေရာမှာ အစားထိုးလိုက်ပါတယ်။

အရည်အသွေးပိုင်းတွေကို တိုင်းတာချက်အရ တိုးတက်အောင် လုပ်တယ်။ သဘောမတူ ကွဲပြားမှုတွေတော့ မကြာမကြာ ကြုံရတာ ပေါ့။ အဖွဲ့အစည်းဆိုင်ရာတွေအားလုံး၊ သူနာပြုဂေဟာ ပံ့ပိုးသူတွေ၊ ဌာနေသက်ကြီးရွယ်အိုတွေ၊ စွမ်းအားရှိ ကျောင်းအုပ်တွေပါ အားလုံး ပါဝင် ဆွေးနွေးကြတယ်။

အမေရိကန်မှာ ဖြစ်နေတာတွေ 'ဘရက်ဝိတ်' တွေ့ရသမျှက မယုံကြည်မှု၊ စာရွက်စာတမ်းအလုပ်တွေနဲ့ စရိုက်ဖော်ထားတဲ့ ဗျူရိုကရက် တစ်နွံထဲမှာ သူနာပြုဂေဟာတွေက နစ်နေရတာပါပဲ။

ဩစတြေးလျရဲ့ချဉ်းကပ်မှုက စည်းမျဉ်းတွေနဲ့ လုပ်ထုံးပြုခြင်းလို့ ခေါ်တယ်။ ဥပဒေတွေ ပြဋ္ဌာန်းနေမယ့်အစားပေါ့။ အထွေထွေပန်းတိုင် တွေ (နေအိမ်ပတ်ဝန်းကျင်မျိုး ဖြစ်လာအောင် ဖန်တီးပေးခြင်း) နဲ့ စည်းမျဉ်းတွေ (ဌာနေတွေကို ပုဂ္ဂလိကလွတ်လပ်ခွင့်နဲ့ သိက္ခာရှိအောင် ဂုဏ်ပြုခြင်း) အရသာ ဥပဒေတွေ လုပ်ပေးတာရှိတယ်။

အငြင်းပွားမှုဖြေရှင်းရေးအတွက် အားပြုဝန်းဝိုင်းဖို့ လုပ်ငန်း အစီအစဉ်တွေအတွက် ဥပဒေတွေ ရှေ့ဆက်ထုတ်ပါတယ်။

စည်းမျဉ်းတွေနဲ့ လုပ်ထုံးဆွဲခြင်းက ပြည်သူ့ရွေးချယ်မှုတွေ လုပ် ရာမှာ လုံးဝခြားနားတဲ့လမ်းတွေ ဖန်တီးပေးတယ်။

စည်းမျဉ်းတွေက ဗဟိုပြုပန်းတိုင်တစ်ခု ပေါင်းစပ်ရာမှာ အကောင် အထည်ဖော်ခြင်းနဲ့အတူ 'နေအိမ်နဲ့တူတဲ့ ပတ်ဝန်းကျင်မျိုး' လုပ်ပေး တယ်။

ပြည်သူ့ပန်းတိုင်တွေ ဖြည့်ဆည်းဖို့ လူတွေက အကျိုးလက်မောင်း တွေ ပင့်တင်ရင်း သူတို့ရဲ့အကောင်းဆုံး စီရင်ချက်တွေ သုံးကြတယ်။

စည်းမျဉ်းအခြေခံဥပဒေရဲ့ ဒုတိယ အကျိုးကျေးဇူးကတော့

mgyoe.com

mgyoe.com



ဒီမိုကရေစီရဲ့ အစားထိုးမရနိုင်တဲ့ အမည်တွေကို ပြန်လည်စုစည်းယူနိုင်တာပဲ ဖြစ်ပါတယ်။ အမှန်တကယ် ပြီးမြောက်မှုတွေအားလုံး ပါသွားတယ်။ ပုပ်သိုးနေတဲ့ လိုက်နာရမှုမဟုတ်တဲ့၊ လူ့တာဝန်ယူမှုက လုပ်ထုံးရဲ့ တက်ကြွတဲ့အင်အားတွေ ဖြစ်လာတယ်။ တစ်စုံတစ်ယောက်ကတော့ ပြည်သူ့ပန်းတိုင်တွေ ပြည့်ဝရေးမှာ ကြီးကြပ်တာဝန်ယူမှု အကြီးအကဲလုပ်နေပါပြီ။

## ရှင်းပြချက်အယူအဆ (၅)။ စည်းမျဉ်းတွေနဲ့ လုပ်ထုံးဆွဲတာက လူ့တာဝန်ယူမှုကို တည်တံ့စေတယ်။

စည်းမျဉ်းတွေနဲ့ လုပ်ထုံးဆွဲခြင်းက ဗျူရိုကရေစီဝက်ပါထဲက အားလုံးကို ဖြေလွှတ်လိုက်တာပါပဲ။ လူတွေမှာ သူတို့ရဲ့နေ့စဉ် ရွေးချယ်မှုလုပ်ဖို့ အာရုံတွေအတွက် မထားနိုင်ရုံသာမက ဒါလုပ်ဖို့ တာဝန်ယူမှုတွေလည်း မရှိကြဘူး။

ဒါဟာ ပုံမှန်လူတွေအတွက် ပြုပြင်ရေးအယူအဆမဟုတ်ဘူး၊ တစ်ခုခုအဓိပ္ပာယ်ရှိရှိ လုပ်ဖို့တော့ ရှာရမှာပဲ။ တကယ့်လူတွေက ပန်းတိုင်တစ်ခု အာရုံစိုက်ထားပြီး အဲဒီကိုရောက်ဖို့ တာဝန်တွေ ယူကြတာချည်းပဲ။

ကောင်းမြတ်တဲ့ ပြည်သူ့စာသင်ကျောင်းတွေက ဒီအတိုင်းပဲသွားတယ်။ လေ့လာချက်အရ အောင်မြင်တဲ့ကျောင်းတွေမှာ ဆရာတွေက ပုံစံအရ၊ တာဝန်ခံအကြီးအကဲကြောင့် သူတို့ရဲ့အကောင်းဆုံးတွေ ပြုမူဖို့ စွမ်းအားတွေအပြည့်တပ်ဆင်ထားကြတယ်။ ဆရာတစ်ယောက်ပြောသလိုပဲ၊ 'ကျွန်တော်တို့က လွတ်လပ်မှုတွေအများကြီး ရထားကြတယ်' ဆိုပဲ။

အောင်မြင်တဲ့ကျောင်းတွေမှာ ဘုံဖြစ်နေတာတစ်ခုက ဥပဒေတွေပေါ်မှာ မဟုတ်ဘဲ ပန်းတိုင်အပေါ်မှာသာ အာရုံစိုက်ထားတဲ့ ယဉ်ကျေးမှု

mgyoe.com

mgyoe.com



တစ်ရပ်ရှိနေတာပါပဲ။

ဥပမာ သူနာပြုဂေဟာတွေက ဘဝရဲ့ အရည်အသွေးတွေနဲ့ လုံခြုံရေးစဉ်းစားချက်တွေရဲ့ကြားမှာ အဆက်မပြတ် တင်းအားတွေနဲ့ ရင်ဆိုင်နေကြတယ်။ ဂေဟာနေသက်ကြီးသူက သူများအကူအညီမပါဘဲ ကိုယ့်ဟာကိုယ် လမ်းလျှောက်တတ်ဖို့ကို ဂုဏ်ယူတယ်။ ဒါက လဲကျနိုင်ခြေရှိမှုတွေ တိုးလာတတ်တယ်။ အကောင်းဆုံးချဉ်းကပ်ချက်က ဒီသက်ကြီးသူက သူ့ဟာသူ အားကောင်းနေကြောင်း ခံစားမှုရှိမရှိ ကြည့်ဖို့ပါပဲ။

စည်းမျဉ်းကိုအခြေခံတဲ့ လုပ်ထုံးလုပ်နည်းက လုပ်ထုံးဆွဲသူကို ပြည်သူ့ပန်းတိုင်တွေအပေါ်မှာ မျက်ခြည်မပြတ်စေဖို့ ထိန်းထားပေးတယ်။ အခက်အခဲတွေ မြောက်မြားစွာမရှိဘဲ လုပ်ထုံးဆွဲသူက သူနာပြုဂေဟာ၊ စာသင်ကျောင်း စက်ရုံတစ်ခုရဲ့တိကျမှုနဲ့ ပတ်သက်လို့ အရည်အသွေးစီရင်ချက်တစ်ရပ် လုပ်နိုင်ပါတယ်။

အရာရှိတွေကို သူတို့ရဲ့စီရင်ချက်သုံးဖို့ တာဝန်တွေပေးခြင်းက အထူးသဖြင့် ကြောက်လန့်စရာမဟုတ်ပါဘူး။ အဆင့်မြင့်မြင့် အရေးပါတဲ့ ပြည်သူ့ရွေးချယ်မှုတွေများစွာ ဖက်ဒရယ်အရန်ဘဏ်က ငွေကြေးရေးရာ ပေါ်လစီပေါ်က ဆုံးဖြတ်ချက်တွေအပါအဝင် ဒါတွေကို ဥပဒေထိန်းချုပ်မှုများစွာမပါဘဲ တစ်ဦးချင်းတာဝန်ယူမှုတွေ ပေးရမှာပဲဖြစ်တယ်။

ကလေးသူငယ်ပြုစုပျိုးထောင်ရေးက အစိုးရရဲ့ကြီးကြပ်ဆောင်ရွက်မှုတွေမှာ မိုက်မဲတဲ့ ခက်ခဲမှုတွေကြုံရာမှာ ကလေးတွေကို ပျာယာခတ်နေတဲ့ မိဘတွေဆီက ကာကွယ်ပေးရေးနဲ့ သူတို့ကို သူစိမ်းတစ်ရုံဆံနေရာတွေ ရောက်သွားမှာ စိုးရိမ်ရမှုတွေကြားမှာ တင်းအားတွေ ဖြစ်နေရတယ်။ ဥပဒေအခြေခံတဲ့ စနစ်က အဆက်မပြတ် ပျာလောင်ခတ်ရမှုနဲ့ တစ်ခါတစ်ရံမှာ ကြေကွဲမှုတွေဆီ ဦးတည်သွားစေပါတယ်။

mgyoe.com

mgyoe.com


ကလေးသူငယ်စောင့်ရှောက်ရေး ကြီးကြပ်ရာမှာ စည်းမျဉ်းတွေ သုံးခြင်းက အခြေအနေနဲ့ အံဝင်မယ့် ဖြေရှင်းချက်တွေရဖို့ ခွင့်ပြုတယ်။ ဥပမာ 'ဘူတာ' နယ်က ကလေးသူငယ်စောင့်ရှောက်ရေးဥပဒေက လူမှုရေးလုပ်သားတွေကို သီးခြားဖြစ်ရပ်အတွက် ထုံးတမ်းစဉ်လာကျတဲ့ စီရင်ချက်တွေလုပ်ဖို့ တာဝန်တွေပေးရာမှာ မိသားစုတွေ အရင်းနှီးဆုံး သူငယ်ချင်း မိတ်ဆွေတွေနဲ့ ပူးပေါင်းဆောင်ရွက်ခိုင်းပါတယ်။ လူမှုရေး လုပ်သားတွေကို စည်းမျဉ်းတွေ သုံးခွင့်ပြုတဲ့အတွက် သူတို့က ဖန်တီးမှု ရှိရှိ မြန်ဆန်စွာလုပ်နိုင်လာတယ်။

## တာဝန်ယူခြင်းက လူတွေကို ဖန်တီးနိုင်စွမ်းနဲ့ ချစ်ကြည်ရေးစွမ်းအင်တွေ တက်လာစေတယ်

အမေရိကရဲ့ စိတ်ဓာတ်က တခြားယဉ်ကျေးမှုတွေက မလိုတမာ အားကျရုံမျှ ဘဝရဲ့ရွေးချယ်မှုတွေကို တစ်သီးပုဂ္ဂလပိုင်ဆိုင်ရေး အာရုံက မြင့်တက်လာတာပါ။ ဒါက လူတွေကို အရဲစွန့်ဖို့၊ တီထွင်ဖို့၊ လဲကျဆုံးရာ က ပြန်ထူထောင်ဖို့၊ ဘယ်တော့မှ အရှုံးမပေးဖို့၊ ကိုယ်မှန်တယ်ထင်တာ ကို ရပ်တည်ဖို့၊ ဒီပိုင်ဆိုင်မှုက စွမ်းအင်တွေ တပ်ပေးလိုက်ပါတယ်။

ဒီစိတ်ဓာတ်က အမေရိကန်ရဲ့ ခြွင်းချက်မဲ့ဝါဒရဲ့ အဓိကအရင်း အမြစ်ပါပဲ။ 'အီမာဆင်' ကြွေးကြော်သလို 'သင့်ကိုယ်သင် ယုံကြည်စိတ် ချလိုက်ပါ။ နှလုံးသားတွေအားလုံး ဒီသံမဏိကြိုးမျှင်ပေါ် လှိုင်းထခုန်နေ မှာပါပဲ'။

ဗျူရိုကရေစီက လူ့စိတ်ဓာတ်ကို သတ်ဖြတ်ပစ်တယ်။ 'တိုက်ဗီးလ်' လေ့လာတွေ့ခဲ့တဲ့ အချက်ကတော့ 'ဗဟိုပြုတဲ့အုပ်ချုပ်ရေးစနစ်က လူတွေ အားနည်းမောပန်းစေဖို့ပဲ အံဝင်နေတာပါပဲ။' အားမပေးခြင်းက လူတွေကို အရာတွေ ဘယ်လိုလုပ်ရမယ်လို့ ပြောနေတဲ့ ဥပဒေခေတ်ကြီးရဲ့ မရှောင်

mgyoe.com